# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၁၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၅၅)


# နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမဈေးကုန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဒေါက်တာဘဒ္ဒန္တကဝိသာရ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၁၄

ဘဝနတ်ထံ စံလွန်တော်မူခဲ့သည့် နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တကဝိသာရ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)၏ အန္တိမ အဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မဟာဝိသုတာ ရာမဈေးကုန်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

## ကြွရောက်တော်မူ

အဆိုပါ အန္တိမအဂ္ဂိစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင်သာသနာပိုင် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ➔




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြစဉ်။


လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့တွင် COVID-19 ပိုးတွေ့လူနာများ ထားရှိရန် ကြိုတင်ပြင်ဆင် — ပြည်တွင်းသတင်း စာ ၄

ပြုပြင်ပြောင်းလဲလိုသောစိတ် သို့မဟုတ် ဖွင့်ထားသောစိတ် — ဆောင်းပါး စာ ၆

တစ်လကျော်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် လူသေမှုအများဆုံးနေ့အဖြစ် စံချိန်တင် — နိုင်ငံတကာသတင်း စာ ၁၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရာဇဝတ်အထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု(၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၆)မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကူးစက်မြန်နှုန်းမြင့်သည့်ရောဂါ ရိုးရှင်းလွယ်ကူစွာ ကာကွယ်ပါ

ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲသစ်တစ်ခုခု မြန်မာနိုင်ငံအတွင်း ဝင်ရောက်နေပြီလားဟု မသိနိုင်သေးသော်လည်း ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း ပို၍မြင့်မားလာနေသည်ကို တွေ့မြင်နေရသည်။ မိမိတို့နိုင်ငံနှင့် ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများတွင်မူ ကူးစက်ပျံ့နှံ့မှုနှင့် ရောဂါကြောင့် သေဆုံးမှုတို့က စိုးရိမ်ဖွယ်အခြေအနေသို့ ရောက်ရှိနေသည်။ ဗိုင်းရပ်စ်ပိုးကူးစက်မှု ပိုမိုမြန်ဆန် မြင့်မားလာသည့်အခါ နိုင်ငံအနေဖြင့် ကျန်းမာရေးဝန်ထုပ်ဝန်ပိုးကို မနိုင်ဝန်ထမ်းလာရပြီး ဆေးဝါးပြတ်လပ်မှု၊ ဆေးရုံခုတင်မလုံလောက်မှု၊ အောက်ဆီဂျင်ပြတ်လပ်မှု၊ ဆရာဝန်နှင့် သူနာပြုများ မလုံလောက်မှုတို့နှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမပေးနိုင်တော့သည့် ဖြစ်စဉ်များကို ကိုဗစ်- ၁၉ ကပ်ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းကာလများအတွင်း ကမ္ဘာ့နိုင်ငံအချို့ ရင်ဆိုင်ခဲ့ကြရသည်။

၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့သည့် ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါသည် ကမ္ဘာအနှံ့သို့ ပျံ့နှံ့သွားမှုနှင့်အတူ ဗိုင်းရပ်စ်မျိုးဗီဇကွဲများလည်း ပေါ်ပေါက်လာသည်။ မျိုးဗီဇသစ်များ ထပ်မံပေါင်းစပ်မှုဖြင့် နောက်ထပ်မျိုးဗီဇများလည်း ထပ်မံထွက်ပေါ်လာသည်။ ယင်းအနက်မှ အချို့မှာ လျင်လျင်မြန်မြန် ပျောက်ကွယ်သွားသော်လည်း အချို့မှာ ပိုမိုပြင်းထန် ပိုမိုကူးစက်မြန်သည့် မျိုးဗီဇသစ်များအဖြစ်နှင့် ကပ်ရောဂါကို ပို၍အရှိန်မြင့်မားစေသည်ကိုလည်း တွေ့ရသည်။ သို့ဖြင့် အစောပိုင်းတွင် အခြေအနေကောင်းမွန်လာခြင်းကြောင့် ဖြေလျှော့ပေးခဲ့သည့် ရောဂါကူးစက်ပျံ့နှံ့မှု တားဆီးထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်တင်းကျပ်ရခြင်း၊ အသွားအလာများ ပြန်လည်ကန့်သတ်တားမြစ်ရခြင်းတို့ကို ပြုလုပ်နေကြရကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့ရသည်။

ကူးစက်မှုနှုန်း မြင့်မားလာသည့် ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန်မှာ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ရန်နှင့် ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေး ကန့်သတ်တားဆီးမှုများကို လိုအပ်သည့်ဒေသများတွင် မြန်မြန်ဆန်ဆန်၊ ထိထိရောက်ရောက် ဆောင်ရွက်ရန်ဖြစ်သည်။ ကာကွယ်ဆေးထိုးနှံမှုမှာ အစိုးရကသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်သော်လည်း ကြိုတင်ကာကွယ်မှုဖြစ်သည့် ရောဂါမကူးစက်အောင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ရန်မှာမူ ပြည်သူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းမှသည် ကျောင်းများ၊ ရုံးများ၊ စက်ရုံအလုပ်ရုံ၊ လုပ်ငန်းဌာနများ၊ လူများစုဖွဲ့ ဆုံတွေ့နိုင်သည့် နေရာများအားလုံးမှာ အလွယ်တကူကျင့်သုံးနေထိုင်ကျရန်၊ အချင်းချင်း သတိပေးရန်တို့ကို ဆောင်ရွက်နိုင်ကြသည်။

ကိုရိုနာဗိုင်းရပ်စ်သည် လေထုထဲမှလည်းကောင်း၊ ကိုင်တွယ်ထိတွေ့ရသည့် အရာဝတ္ထုများမှလည်းကောင်း ကူးစက်နိုင်သည်ကို မိမိတို့ သိရှိကြပြီးဖြစ်သည်။ ထို့အပြင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသော်လည်း မည်သည့်လက္ခဏာမျှမပြဘဲ မိမိကိုယ်ကိုလည်း ကူးစက်ခံထားရမှန်းမသိသူ အများအပြားမှာ ကျန်းမာသူ ပကတိအနေအထားဖြင့် လူများအကြား ပုံမှန်သွားလာနေကြသည်ကိုလည်း မိမိတို့သိရှိထားကြပြီးဖြစ်သည်။ သို့ရာတွင် မိမိတို့အများစုမှာ မေ့လျော့ထားခဲ့ကြသည်။ ပေါ့လျော့စွာလည်း နေခဲ့ကြသည်။ အပြင်ထွက်လျှင် ပါးစပ် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လက်ကို ဆပ်ပြာဖြင့် မကြာမကြာဆေးခြင်း၊ လူစုလူဝေးကို ရှောင်ရှားခြင်း၊ တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာနေခြင်းဟူသော လွန်စွာရိုးရှင်းလွယ်ကူသည့် အလေ့အကျင့်ကလေးများကို စွဲမြဲစွာ ကျင့်သုံးကြခြင်းဖြင့် မိမိနှင့်တကွ အခြားသူများကိုပါ ကိုဗစ်-၁၉ ကပ်ရောဂါမှ ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ (၈-၆-၂၀၂၁) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၈-၁-၂၀၂၁) နေ့မှ (၂၁-၅-၂၀၂၁) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်ငါးဦး၊ အထွေထွေ ၂၂ ဦး၊ ပေါင်း ၂၇ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၀၈၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၇၉ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၅၆ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးညွန့်ဝင်း<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>အမျိုးသားယဉ်ကျေးမှုနှင့်<br>အနုပညာတက္ကသိုလ်(ရန်ကုန်)<br>သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အနုပညာဦးစီးဌာန<br>သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန |
| (၂) | ဒေါက်တာ သန်းထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာဘဒ္ဒန္တဉာဏိဿရထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❍ *ရှေ့ဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ အဖွဲ့ဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒါယကာ၊ ဒါယိကာမများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာ ဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ *စာမျက်နှာ ၄ သို့*



နိုင်ငံတော်ဩဝါဒါ စရိယ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ ဒေါက်တာ ဘဒ္ဒန္တကဝိသာရ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ၏ ဥတုဇရုပ်ကလာပ်တော်ကို လောင်တိုက်တော်တည်ရှိရာ ဥပ္ပါတသန္တိစေတီတော်ဘုရားပွဲတော်ကွင်းသို့ ပင့်ဆောင်စဉ်။

*စာမျက်နှာ ၃ မှ*

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဥပါသကာများက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်း၍ ပူဇော်သည်။

**အသီးသီး ဖတ်ကြားပူဇော်**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂပွားတော်မူကြောင်း သဝဏ်လွှာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိုးကုတ်မြို့၊ ညောင်သုံးပင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တ တေဇောသာရာဘိဝံသကလည်းကောင်း၊ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့နှင့် ပခုက္ကူမဟာဝိသုတာရာမကျောင်းတိုက်တို့မှ ပေးပို့သည့် ဝမ်းနည်းကြောင်း သဝဏ်လွှာနှင့် သံဝေဂတရား ဖြစ်ပွားရပါကြောင်း သဝဏ်လွှာကို မန္တလေးမြို့ မိုးကုတ်ရိပ်သာ ရွှေစုဝံ

သိင်္ဂါသံတေးထပ်ဖြင့် သီကျူးပူဇော်ကြသည်။ ထို့နောက် တပည့်ဒါယကာ၊ ဒါယိကာမများက အပြစ်ရှိက ခွင့်လွှတ်တော်မူရန်တောင်းပန်၍ ဆရာတော်ဘုရားကြီးအား နောက်ဆုံးတောင်းပန်ကန်တော့ကြသည်။

ယင်းနောက် အခမ်းအနားမှူးက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ ကြွချီတော်မူပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန် လျှောက်ထားပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်းပင့်ဆောင်ကြပြီး လောင်တိုက်တော်တည်ရှိရာ ဥပ္ပါတသန္တိစေတီတော် ဘုရားပွဲတော်ကွင်းသို့ ပင့်ဆောင်ကြသည်။

**တေဇောဓာတ်ဖြင့် ပူဇော်**

ဆက်လက်၍ ရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ကြွချီတော်မူပါမည့်အကြောင်း အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လောင်တိုက်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊



**သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် ဧည့်ပရိသတ်များက အနိစ္စာဝတသင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် ပူဇော်စဉ်။**



ဆရာတော်အရှင်ဇဝနက လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးကလည်းကောင်း အသီးသီး ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ဓမ္မသံဝေဂကထာ တရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များက ဒုတိယဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် သံဃာတော် အရှင်သူမြတ်များ ဦးဆောင်၍ အနိစ္စာ ဝတသင်္ခါရာ အစချီသော သံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် ပူဇော်ခဲ့သည်။

**စံလွန်တော်မူခဲ့ခြင်းဖြစ်**

ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်း ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တကဝိသာရသည် နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်တော်မူခဲ့ပြီး ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ကြီးကို ပရိယတ္တိစာသင်တိုက်အဖြစ် ဖွင့်လှစ်တော်မူကာ စာသင်သားသံဃာအပါး ၃၀၀ ခန့်အား ပရိယတ္တိစာပေများကို စံလွန်တော်မူသည်အထိ သင်ကြားပြသပို့ချတော်မူပြီး ဦးဗုဒ္ဓေါတာရ ရိပ်သာကြီးကို တည်ထောင်၍ ကမ္မဋ္ဌာန်းကျင့်စဉ်များကို ကိုယ်တိုင်လည်း ကျင့်ကြံတော်မူပြီး တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ၊ ယောဂီအပေါင်းတို့အားလည်း ကျင့်ကြံစေတော်မူကာ ပရိယတ်ပဋိပတ် ခုရနှစ်ဖြာ သာသနာတော်ကို သက်ဆုံးတိုင် အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူလျက် ကျောင်းတိုက်ခွဲပေါင်းများစွာကိုလည်း ဖွင့်လှစ်တည်ထောင် ဆောင်ရွက်တော်မူခဲ့သည့် သာသနာ့အာဇာနည် မဟာထေရ်မြတ်ကြီးဖြစ်ပြီး သက်တော်(၉၅)နှစ် သိက္ခာတော် (၇၅) ဝါတွင် ဘဝနတ်ထံ စံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကဝိသာရ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဈေးကုန်းဆရာတော်ဘုရားကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်းအခမ်းအနားအား ပေါင်းလောင်းမြစ်အနီး၊ ကျည်တောင်ရွာ၌ ဇွန် ၁၅ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လှိုင်သာယာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ပုသိမ်မြို့နယ်တို့တွင် COVID-19 ပိုးတွေ့ လူနာများထားရှိရန် ကြိုတင်ပြင်ဆင်

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေလင်ပန်းကျေးရွာရှိ Civil Hospital ပြည်သူ့ဆေးရုံတို့တွင် COVID–19 ပိုးတွေ့လူနာများထားရှိရေး ကြိုတင်ပြင်ဆင်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့အား လှိုင်သာယာမြို့နယ်၊ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံ တွင် COVID–19 ပိုးတွေ့လူနာ ၁၀၀ ထားရှိနိုင်ရေးနှင့် လူနာ ၅၀ အတွက် အောက်ဆီဂျင်နှင့် လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရွှေလင်ပန်းကျေးရွာရှိ Civil Hospital ပြည်သူ့ဆေးရုံတွင် လူနာ ၅၀ ထားရှိရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့သည် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံ လမ်းရှိ အစိုးရစက်မှုလက်မှုနှင့် အတတ်သင်သိပ္ပံကျောင်း (GTI) ၌ COVID–19 ပိုးတွေ့လူနာ ၂၀၀ ထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတွင် COVID–19 ပိုးတွေ့လူနာများထားရှိရန် ယာယီကုသဆောင်ပြင်ဆင်ထားရှိမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်

မိမိတို့ယခုတာဝန်ယူ ဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်း ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိကြောင်း၊ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိကြောင်း၊ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကိုအခြေခံသည့်ပါတီ၊ တိုင်းရင်းသားကို အခြေခံသည့် ပါတီများရှိကြောင်း၊ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၄

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးလှဦးနှင့်အတူ ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများအတွက်တူညီဝတ်စုံများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများပေးအပ်၍ ဝန်ထမ်းအိမ်ရာများနှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

**ထောက်ပံ့ပေးအပ်**

ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည့် ဟိုပုံးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာ သင်ကြားနေကြသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ်အတွင်းရှိ နမ့်ပေါ်ဟွန်း-သက်သာ- ပုံချောင်လမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာလမ်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ်အတွင်းရှိ ဖာမွန်းကျေးရွာအဝင် ကတ္တရာလမ်း ၁ မိုင် ၆ ဖာလုံ ဆောင်ရွက် ထားရှိမှုကိုလည်းကောင်း၊ ပုံးပွန်း-နမ့်ကွတ်-မုံထ-ဟိုတကောင် (ဟိုတပ်) မြေလမ်း ၇ မိုင် ၄ ဖာလုံတွင် ပေ ၂၀ ကွန်ကရစ် တံတား တစ်စင်း၊ ၁၀ ပေ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက် ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဇွန် ၁၃ ရက်တွင် ဆီဆိုင်မြို့နယ် ကျားတောင်-ကောင်းပန်းတန်း ကတ္တရာလမ်း ၁ မိုင်၊ လပ်တိုင်-ပင်အွန် ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကောင်းမှုဗွာ-လိုက်ဟန်းနား - လိုက်ပေးကျောက်လမ်း ၁ မိုင် ၄ ဖာလုံ၊ မီးသွေးကုန်း-ဖာလိုင် ဖြုန်းရော မြေသားလမ်း ၅ မိုင် ခင်းခြင်း၊ လွယ်ထဲ - ထီးရိုး - မီးရဲ - တောရ ကျောက်ချောလမ်း ၁ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဆီဆိုင်မြို့နယ် လွယ်ပွတ်-လိုက်ပေး-ဘန်းနောင်ကား ၁ မိုင် ၄ ဖာလုံ ကတ္တရာလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ပင်လုံခ) ရှိ ကျောင်းသား ကျောင်းသူများအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့သည့် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို ပေးအပ်သည်။ ဆက်လက်၍ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး လှဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ လမ်းပိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံအမှာစကားပြော**

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆိုက်ခေါင်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတို့သို့ သွားရောက်၍ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကာ သင်တန်းကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်နှင့် သင်တန်းခန်းမများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တမူးမြို့နှင့် ကလေးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက တမူးမြို့တပ်စခန်းရိပ်သာအစည်းအဝေးခန်းမ၌ ဇွန် ၁၃ ရက်က သွားရောက် တွေ့ဆုံ အမှာစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် Mask များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ စကားလှဓမ္မာရုံကျောင်းတိုက်၌ ကလေးမြို့နယ်အတွင်း ပါဠိပထမပြန်စာမေးပွဲတွင် ကြီးကြပ်ရေးတာဝန်ထမ်းဆောင်လျက်ရှိသော ကလေးမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီးဆရာတော်များ၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်း၊ ဆန်၊ ဆီ၊ ပဲ၊ သကာန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး စာဖြေသံဃာတော်များ စာမေးပွဲဖြေဆိုနေမှုအား လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ကလေးမြို့ တက္ကသိုလ်ရှိ ဒုတိယပါမောက္ခချုပ်နှင့် ဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာထားလွင်က တက္ကသိုလ်ဖွင့်လှစ်သင်ကြားနေမှုကို ရှင်းလင်းတင်ပြရာ တင်ပြမှုများအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ထို့နောက် နည်းပြသရုပ်ပြရာထူးဝင်ခွင့် စာမေးပွဲဖြေဆိုသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံသို့ သွားရောက်၍ ဆရာဝန်များ၊ သူနာပြုများကို တွေ့ဆုံအမှာစကား ပြောကြားပြီး ဆေးရုံတက်လူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။



**(ယာပုံ)** ယင်းနောက် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အရေးပေါ် COVID-19 ရောဂါ ခေတ်ခွဲအတည်ပြုနိုင်ရေးအတွက် ခေတ်ခွဲယာဉ် ရောက်ရှိအသုံးပြုနေမှုများကို သွားရောက်ကြည့်ရှုပြီး COVID-19 ရောဂါ အရေးပေါ်ကုသမှု ဆောင်ရွက်နိုင်ရန် ၂၅ ခုတင်ဆံ့ တိုင်းရင်းသားဆေးရုံတွင် ပြင်ဆင်ထားရှိမှုနှင့်စက်ပစ္စည်းများ စုဆောင်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တမူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို တပ်မတော်ဆေးကုသရေးအဖွဲ့မှ COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို တိုင်းစစ်ဌာနချုပ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး COVID-19 ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် PPE ဝတ်စုံ ၁၀၀၊ Face Shield ၁၀၀၊ Surgical Mask အခု ၅၀၀၊ N-95 Mask ၁၀၀ ၊ Googles မျက်မှန် ၁၀၀ နှင့် နှာခေါင်းစည်း Mask (အဖြူ) အခု ၂၀၀ တို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြုပြင်ပြောင်းလဲလိုသောစိတ် သို့မဟုတ် ဖွင့်ထားသောစိတ်

**သိန်းထွန်း(IR)**

**အလုပ်လုပ်သောစိတ်**

လူတို့၏ စိတ်သဘောထားသည် တစ်ယောက်နှင့် တစ်ယောက် ကွဲပြားကြခြင်းကြောင့် လူတစ်ဦးနှင့် တစ်ဦးအကြား မတူညီသော ခံယူချက်၊ အယူအဆ၊ အမြင်၊ တွေးခေါ်မှုနှင့် လိုလားချက်တို့သည်လည်း ကွဲပြားတတ်ကြသည်။

မြန်မာစကားတွင် လူတစ်ကိုယ် စိတ်တစ်မျိုး သို့မဟုတ် လူအမျိုးမျိုး စိတ်အထွေထွေဟု ဆိုကြသည်။ ထိုသို့ မတူညီသော စိတ်အခြေအနေတို့တွင် လူတစ်ဦး၏ ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားနှင့် ပိတ်လှောင်နေသော စိတ်သဘောထားတို့သည်လည်း လူတစ်ဦး၏ သဘောထား၊ အယူအဆနှင့် အမြင်တို့ကိုသာမက အပြုအမူများကိုပါ ပြောင်းလဲစေနိုင်သည်။ ယင်းသည် လူတစ်ယောက်၏ စိတ်အလုပ်လုပ်ပုံနှင့် ဆက်စပ်နေမှုပင်ဖြစ်၏။

လူတစ်ဦး၏စိတ် အလုပ်လုပ်ပုံနှင့်ပတ်သက်၍ အမေရိကန် ဂီတပညာရှင်၊ တေးရေးဆရာ၊ ထုတ်လုပ်သူတစ်ဦးဖြစ်သူ ဖရန့်ဇက်ပါက "A mind is like a parachute. It doesn't work if it is not open. စိတ်ဟာ လေထီးလိုပဲ၊ မပွင့်ရင် အလုပ်မလုပ်ပါဘူး"ဟု ဆိုသည်။ သို့ဆိုလျှင် မိမိတို့၏ စိတ်များကို အလုပ်လုပ်ရန် ဖွင့်ထားသည်လား သို့မဟုတ် ပိတ်လှောင်ထားသည်လား ဆင်ခြင်စရာပင် ဖြစ်သည်။

**ပြုပြင်ပြောင်းလိုသော စိတ်သဘောထား**

ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထား သို့မဟုတ် ဖွင့်ထားသောစိတ်သည် အတွေးအခေါ်အသစ်များကို နားထောင်ရန်နှင့် ဆင်ခြင်စဉ်းစားရန် သို့မဟုတ် အခြားသော အသစ်ဖန်တီးမှုများကို ရှာဖွေရန် စိတ်ဆန္ဒရှိမှု ဖြစ်သည်။ ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားရှိသူတစ်ဦးသည် အခြားသူများနှင့် ပြောဆိုဆွေးနွေးမှုများတွင် မိမိ၏စိတ်သဘောထားကို ပြောင်းလဲနိုင်ခြင်းရှိ/မရှိ သို့မဟုတ် သတင်းအချက်များသည် အဓိပ္ပာယ်ရှိ/မရှိ သိရှိရန် တစ်ဖက်သား၏ သဘောထားကို နားထောင်လေ့ရှိကြသည်။ အကြံဉာဏ်အသစ်များနှင့် မတူညီသောအကြံဉာဏ်များ သို့မဟုတ် သဘောထားများကို လက်ခံစဉ်းစားလိုသော စိတ်သဘောထားပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အတွေးအမြင်အသစ်များကို လက်ခံစဉ်းစားနိုင်စွမ်းလည်း ဖြစ်သည်။

စိတ်ပညာရှင် Jason Baehr က ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားရှိသူသည် အခြားသူများနှင့် ချင့်ချိန်စဉ်းစားကြရာတွင် မျှတ၍ ဘက်မလိုက်သော နားထောင်မှုဖြစ်စေရန် မိမိကိုယ်တိုင်၏ သဘောထားမှတ်ချက်များကို ယာယီအားဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် သဘောထား ပြောင်းလဲခြင်းကဲ့သို့သော ထူးခြားသည့် ပင်ကိုလက္ခဏာရှိသူဟု ဖွင့်ဆိုသည်။ Jack Kwong ကမူ ဆန်းသစ်သော အမြင်ရှုထောင့်ကို ပြင်းပြစွာလိုလားခြင်းသည် ဖွင့်ထားသောစိတ် သို့မဟုတ် ပြုပြင်ပြောင်းလဲလိုသော စိတ်ဟု ဆိုပါသည်။

**ပြုပြင်ပြောင်းလဲလိုစိတ်ရှိသူများ၏ စရိုက်လက္ခဏာများ**

ပြုပြင်ပြောင်းလဲလိုသောစိတ် ရှိသူများသည် မိမိကိုယ်ကိုယ်မိမိ ဆင်ခြင်ခြင်းဖြင့် ရရှိလာသော အသိဖြင့် အခြားသူများ၏ အမြင်သဘောထားနှင့် ရှုထောင့်များကို စိတ်အားထက်သန်စွာ နားထောင်လိုသူများဖြစ်သည်။ ထိုသူများ၏ စရိုက်လက္ခဏာများကို အောက်ပါအတိုင်း တွေ့ရတတ်သည်-

(၁) အခြားသူများ၏ အမြင်နှင့် သဘောထားကို စိတ်အားထက်သန်စွာ နားထောင်တတ်ခြင်း၊
(၂) မိမိကိုယ်တိုင် စိန်ခေါ်မှုရှိသော အတွေးအမြင်များကို လက်ခံနိုင်စွမ်းရှိခြင်း၊
(၃) မိမိကိုယ်တိုင် မှားယွင်းသည့်အချိန်တွင်ပင် ဒေါသနှင့် မတုံ့ပြန်ခြင်း၊
(၄) အခြားသူများအပေါ် ကိုယ်ချင်းစာနာစိတ်ရှိခြင်း၊
(၅) အခြားသူများ၏ရှုထောင့်မှ ဝင်ရောက်စဉ်းစားပေးနိုင်ခြင်း၊
(၆) မိမိတို့၏ ပညာဗဟုသုတ၊ ကျွမ်းကျင်မှုတို့နှင့် ပတ်သက်၍ နှိမ့်ချတတ်ခြင်း၊
(၇) အကြောင်းအရာအသစ်နှင့် အယူအဆသစ်များအပေါ် သိလိုစိတ်ရှိခြင်း၊
(၈) အခြားသူများအနေဖြင့် သူတို့၏ ယုံကြည်ချက်နှင့် အတွေးအမြင်များကို မျှဝေခွင့်ရှိသည်ဟု ယုံကြည်ခြင်း။

> **"မိမိဝန်းကျင်တွင် ဖန်တရာတေနေသည့် အတွေးအခေါ်ဟောင်းများ ရှိနေခြင်းသည် မိမိ၏ လေ့လာသင်ယူလိုမှု သို့မဟုတ် ပြုပြင်ပြောင်းလဲလိုသည့်စိတ်ကို အဟန့်အတားဖြစ်စေနိုင်သည်ဖြစ်ရာ ထိုအတွေးအခေါ်နယ်နိမိတ်ဟောင်းမှ ထိုးဖောက်၍ အခြားမတူညီသော အတွေးအမြင်များရှိသူများနှင့် အသိပညာဖလှယ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် မိမိ၏ အမြင်များကို ပိုမိုသစ်လွင်စေနိုင်ပါသည်"**

**အကျိုးကျေးဇူး**

ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောသည် များစွာအသုံးဝင်၍ ကြီးမားသော အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်ပါသည်။ မိမိကိုယ်တိုင် လက်ခံထားဆဲ ယုံကြည်မှုများကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အတွေးအမြင်သစ်များကို လက်ခံစဉ်းစားခြင်းသည် ပတ်ဝန်းကျင်မှ သစ်လွင်သော အတွေးအမြင်များကို ရရှိစေနိုင်ပြီး မိမိကိုယ်တိုင်လည်း အကြောင်းအရာသစ်များကို လေ့လာသင်ယူနိုင်ပေသည်။ ထို့အပြင် အခြားသော အမြင်အယူအဆများကို ဖွင့်ပေးခြင်းအားဖြင့် မိမိအတွက် အတွေ့အကြုံသစ်များကို ရရှိစေနိုင်မည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားသည် အတွေးအမြင်သစ်များနှင့် အတွေ့အကြုံသစ်များ ရရှိစေနိုင်သဖြင့် မိမိ၏ စဉ်းစားတွေးခေါ်မှု ပိုမို အားကောင်းစေရန် အထောက်အကူ ရရှိစေနိုင်ပါသည်။

အလားတူပင် မိမိ၏ အတွေ့အကြုံများနှင့် ဗဟုသုတများကို အခြားသူများသို့ ဆက်လက်ဖြန့်ဝေပေးခြင်းဖြင့် မိမိလုပ်ကိုင်ကျင်လည်ရာ ပတ်ဝန်းကျင်အပေါ် အကျိုးရရှိစေနိုင်ပါသည်။ ပြုပြင်ပြောင်းလဲလိုသောစိတ်သဘောထား ပြုစုပျိုးထောင်ခြင်းဖြင့် မတူညီသောအမြင်များအကြား ပိုမိုနီးကပ်သော အမှန်တရားကို ရှာဖွေနိုင်သဖြင့် မိမိဘဝအတွက်ဖြစ်စေ၊ ပတ်ဝန်းကျင်အတွက်ဖြစ်စေ အပြုသဘောတိုးတက်မှု ရရှိစေနိုင်ပါသည်။

**မိမိဝန်းကျင်တွင် ဖန်တရာတေနေသည့် အတွေးအခေါ်ဟောင်းများ ရှိနေခြင်းသည် မိမိ၏ လေ့လာသင်ယူလိုမှု သို့မဟုတ် ပြုပြင်ပြောင်းလဲလိုသည့်စိတ်ကို အဟန့်အတားဖြစ်စေနိုင်သည်ဖြစ်ရာ ထိုအတွေးအခေါ်နယ်နိမိတ်ဟောင်းမှ ထိုးဖောက်၍ အခြား မတူညီသော အတွေးအမြင်များရှိသူများနှင့် အသိပညာဖလှယ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် မိမိ၏ အမြင်များကို ပိုမိုသစ်လွင်စေနိုင်ပါသည်။**

**ပိုင်းခြားဝေဖန် စဉ်းစားမှုအတွက်**

ပိုင်းခြားဝေဖန်စဉ်းစားမှုအတွက် အရေးအကြီးဆုံး အစိတ်အပိုင်းတစ်ရပ်မှာ အခြားသူများထံမှ ရရှိသော မတူကွဲပြားသည့် အတွေးအမြင်များ၊ ဆွေးနွေးချက်များ၊ အချက်အလက်များ၊ သတင်းများနှင့် ပတ်သက်၍ လက်ခံစဉ်းစားပေးလိုစိတ် ထားရှိရန် လိုအပ်ခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားသည် ထက်မြက်သည့် ပိုင်းခြားဝေဖန်စဉ်းစားသူတစ်ယောက်ဖြစ်ရန်အတွက် မရှိမဖြစ် လိုအပ်ပေသည်။ သို့မှသာ မတူညီသော အမြင်များ၊ အယူအဆများ၊ အချက်အလက်များ၊ သတင်းများ ရရှိနိုင်ပြီး ဆင်ခြင်စဉ်းစားမှုအပေါ် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲ အခြားသူများ၏ အမြင်သဘောထားများနှင့် အယူအဆများအပေါ် ဖွင့်ထားသည့် စိတ်သဘောထား မရှိပါက သို့မဟုတ် ပိတ်လှောင်ထားသောစိတ် ထားရှိပါက ဆုံးဖြတ်ချက် ချမှတ်ရာတွင်ဖြစ်စေ၊ စီမံကိန်းများ ရေးဆွဲရာတွင်ဖြစ်စေ၊ ပြဿနာဖြေရှင်းရာတွင်ဖြစ်စေ သို့မဟုတ် လက်တွေ့ကျသော အဖြေရှာရာတွင်ဖြစ်စေ လိုအပ်သော အချက်အလက်များနှင့် အမြင်သဘောထားများကို ရှုထောင့်ပေါင်းစုံမှရရှိရန် ခက်ခဲမည်ဖြစ်သည်။ ထိုအခက်အခဲများကို ရှောင်လွှဲနိုင်ရန် မိမိကိုယ်မိမိ ကျေနပ်နေသောအခြေအနေ(comfort zone) မှ ရုန်းထွက်၍ အခြားသူများထံမှ လိုအပ်သော အယူအဆများနှင့် အကြံဉာဏ်သစ်များကို လက်ခံစဉ်းစား ဆင်ခြင်ရန်နှင့် ရှာဖွေရန် လိုအပ်ပါသည်။ သို့မှသာ ပိုင်းခြားဝေဖန်စဉ်းစားမှုအတွက် မတူညီသော အမြင်သဘောထားများကို ရရှိစေနိုင်မည်ဖြစ်သည်။

**ဘက်လိုက်မှု**

သို့သော်လည်း လူအများစုသည် သတင်းဘက်လိုက်မှု(Information bias)ဟုခေါ်သော မိမိယူဆချက်များနှင့် လိုလားချက်များကို အထောက်အကူဖြစ်စေသည့် အချက်အလက်နှင့် သတင်းများကိုသာ ရှာဖွေတတ်၊ ရွေးချယ်တတ်ကြသည့်အပြင် ဘက်လိုက်အတည်ပြုမှု(confirmation bias)ဟု ခေါ်သည့် မိမိ၏ ယူဆချက်နှင့် ယုံကြည်ချက်အပေါ်မူတည်၍ ဘက်လိုက်အတည်ပြုတတ်ကြသည်။

ဆိုလိုသည်မှာ မိမိ ယုံကြည်ချက်များ၊ အတွေ့အကြုံများနှင့် ဆန့်ကျင်နေသည့် သတင်းအချက်အလက်များ၊ အယူအဆများကို ရှောင်ရှားကြခြင်းနှင့် မိမိ၏ အယူအဆ သဘောအတိုင်း အတည်ပြုဆုံးဖြတ်ကြခြင်း ဖြစ်သည်။ သတင်းဘက်လိုက်မှုနှင့် ဘက်လိုက်အတည်ပြု ဆုံးဖြတ်မှု၏ အရင်းခံအကြောင်းတရားတစ်ရပ်မှာ မိမိတို့၏အတ္တများမှ ပေါက်ပွားလာခြင်းဖြစ်သည်။ ထို့အပြင် မိမိကိုယ်မိမိ အထင်ကြီးလွန်းခြင်း၊ ယုံကြည်မှုလွန်ကဲခြင်းနှင့် မိမိကိုယ်တိုင်၌ ပိတ်လှောင်နေသော စိတ်သဘောထားရှိသည်ကို မသိရှိခြင်းသည်လည်း ဘက်လိုက်အတည်ပြုမှုကို ဖြစ်စေနိုင်သည်။ လူ့သဘာဝတစ်ခုမှာ မိမိကိုယ်တိုင်၏ ယုံကြည်ချက်များနှင့် သဘောထားများ မှားနေကြောင်း စဉ်းစားသုံးသပ်ရန် မည်သူမျှ မလိုလားတတ်ချေ။ ယင်းအတ္တအား ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရဲရန် လိုအပ်ပေသည်။

သတင်းဘက်လိုက်မှုနှင့် ဘက်လိုက်အတည်ပြုဆုံးဖြတ်မှု၏ အခြားသော အရင်းခံအကြောင်းတရားများလည်း ရှိနေပါသည်။

**လေ့ကျင့်ပြုစုပျိုးထောင်**

လူတစ်ဦးတွင်ရှိတတ်သည့် ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားနှင့် ပိတ်လှောင်ထားသော စိတ်သဘောထားတို့အပေါ် လွှမ်းမိုးနေသည့် အကြောင်းတရားများစွာ ရှိနေနိုင်သည်။ မွေးရာပါ အမူအကျင့်၊ ပတ်ဝန်းကျင်၏ဂယက်၊ ပညာရေးနှင့် မိမိကိုယ်မိမိ ပြုစုပျိုးထောင်မှုတို့သည် ထိုစိတ်သဘောထားအပေါ် လွှမ်းမိုးနေတတ်သည်။ သို့သော် ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားသည် ပြုစုပျိုးထောင်နိုင်သည့် ကျွမ်းကျင်မှုတစ်ရပ်ဖြစ်သည်။

ပြုပြင်ပြောင်းလဲလိုသောစိတ်သဘောထားအား ပြုစုပျိုးထောင်ရာတွင် စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းနှင့် အကြောင်းအရာအသစ်များကို လေ့လာခြင်း၊ မိမိနှင့် စိတ်တူသူများကိုသာမက အခြား အမြင် အယူအဆ မတူသူများနှင့်လည်း ထိတွေ့ဆက်ဆံခြင်း၊ မိမိအပေါ် တုံ့ပြန်မှုကို မည်သို့လက်ခံသည်ကို အလေးထား ဆန်းစစ်ခြင်း၊ သတင်းဘက်လိုက်မှု၊ ဘက်လိုက်အတည်ပြုမှုနှင့်ပတ်သက်၍ မိမိကိုယ်မိမိ ဆန်းစစ်ခြင်းတို့ လုပ်ဆောင်ခြင်းအားဖြင့် ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားကို ပြုစုပျိုးထောင်နိုင်ပါသည်။

ထိုသို့ လေ့ကျင့်ပြုစု ပျိုးထောင်ခြင်းဖြင့် မိမိလက်ခံထားသော ယုံကြည်ချက်များအပြင် အကြံဉာဏ်သစ်များကို လက်ခံ စဉ်းစားနိုင်မည်ဖြစ်ရာ အတွေးအမြင်သစ်များ၊ အတွေ့အကြုံသစ်များကို ရရှိစေနိုင်ပါသည်။ ထိုမှတစ်ဆင့် မိမိ၏ စဉ်းစားတွေးခေါ်မှု ပိုမိုခိုင်မာ အားကောင်းလာစေရန် အထောက်အကူ ဖြစ်စေနိုင်ပြီး အတွေးအမြင်သစ်များကို ရရှိစေနိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ပိတ်လှောင်ထားသော စိတ်သဘောထားကြောင့် တရားသေ

*စာမျက်နှာ ၇ သို့*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H. E. Dr. Nikolay Listopadov ဦးဆောင်သော အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃၀)ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) လည်ပတ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရေးကိစ္စ၊ စီမံကိန်းလုပ်ငန်းများအတွက် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ရုရှားနိုင်ငံမှ နည်းပညာကျွမ်းကျင်ပညာရှင်အဖွဲ့များ ခေါ်ယူနိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့နှင့် ရုရှားနိုင်ငံရှိ ဆက်စပ် ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆေးဝါးများ ထုတ်လုပ်နိုင်ရေးဆိုင်ရာကိစ္စ၊ မြန်မာ့စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာနှင့် အထည်အလိပ် ထုတ်လုပ်မှုကဏ္ဍများတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H. E. Dr. Nikolay Listopadov ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# (၃၉)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား အနာဂတ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စများ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၄**

(၃၉) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (39th Senior Officials Meeting on Energy (SOME) and Associated Meetings) ကို ယနေ့တွင် ဘရူနိုင်းနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကြီးမှူးကျင်းပလျက်ရှိရာ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ၏ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီး (Senior Official on Energy (SOE) Leader) ဖြစ်သူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့်အတူ စွမ်းအင်ဆိုင်ရာကဏ္ဍခွဲအလိုက် တာဝန်ရှိသူများ တက်ရောက်သည်။ **(အောက်ပုံ)**





### စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

အစည်းအဝေးတွင် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သန့်စင်သောစွမ်းအင်သုံးစွဲရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ စွမ်းအင်ဖြန့်ဖြူးရောင်းချ (ဖြန့်ဖြူး) ချွေတာသုံးစွဲရေး၊ စွမ်းအင်ဖူလုံမှုရှိရေး၊ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့်သုံးစွဲရေး၊ စွမ်းအင်သုံးစွဲမှုဆိုင်ရာ စံစနစ်များ လိုက်လျောညီထွေဖြစ်စေရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၁-၂၀၂၅ (ASEAN Plan of Actions for Energy Cooperation– APAEC Phase II (2021–2025)) အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စရပ်များ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍခွဲများဖြစ်သည့် အာဆီယံရေနံကောင်စီ၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးစွဲရေးနည်းပညာဆိုင်ရာကဏ္ဍခွဲ၊ အာဆီယံ လျှပ်စစ်စွမ်းအားဆိုင်ရာ ကဏ္ဍခွဲ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးကဏ္ဍခွဲ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကဏ္ဍခွဲ၊ ဒေသတွင်းစွမ်းအင်မူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကဏ္ဍခွဲ၊ မြို့ပြသုံးနျူကလီးယားစွမ်းအင်ဆိုင်ရာကဏ္ဍခွဲ၊ အာဆီယံစွမ်းအင်မူဝါဒချမှတ်သူများအဖွဲ့အစည်းကွန်ရက်နှင့် အာဆီယံစွမ်းအင်ဗဟိုဌာနအဆင့်မြှင့်တင်ရေးကဏ္ဍများနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

### ဆွေးနွေးအတည်ပြု

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြပြီး အာဆီယံ + ၃ နိုင်ငံနှင့် အာဆီယံနှင့် အရှေ့အာရှနိုင်ငံများအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီးခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုကြမည်ဖြစ်ကာ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဆုပ်ကိုင်ထားသော အမြင်၊ အယူအဆ၊ သဘောထားနှင့် ဆုံးဖြတ်ချက်တို့သည် လွတ်လပ်သော စိတ်သဘောထားအတွက် ကြီးမားသော အဟန့်အတားအဖြစ် တွေ့မြင်ရသည်။

**မိမိစိတ်အား ပြောင်းလဲခြင်းဖြင့်**

မိမိ၏စိတ်များကို မပြောင်းလဲနိုင်သူသည် မည်သည့်အရာကိုမျှ ပြောင်းလဲနိုင်မည်မဟုတ်ချေ။ "Those who cannot change their minds cannot change anything." ဟု ဂျော့ဗားနတ်ရှောက ဆိုပါသည်။ အထူးသဖြင့် လူမှုအသိုက်အဝန်းအတွင်း အပြန်အလှန် နားလည်ခြင်း၊ ယုံကြည်မှု တည်ဆောက်ခြင်း၊ မတူကွဲပြားမှုများနှင့် ပေါင်းစည်းခြင်း၊ ပြဿနာဖြေရှင်းခြင်း၊ ဘုံအမှန်တရားရှာဖွေခြင်းကဲ့သို့သော နူးညံ့သိမ်မွေ့လှသည့် လူမှုဆက်ဆံရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားသည် လွန်စွာ အရေးပါလှပေသည်။

ပြုပြင်ပြောင်းလဲလိုသော စိတ်သဘောထားသည် ဒင်္ဂါးပြား၏ အခြားတစ်ဖက်ကိုလည်း ကြည့်လိုသည့်ဆန္ဒရှိပြီး မိမိနှင့် အခြားသူများ၏ လိုလားချက်များနှင့် မျက်စိမှိတ် တရားသေဆုပ်ကိုင်ထားမှုများကို ပြန်လည်ဆန်းစစ်နိုင်စွမ်းလည်း ဖြစ်သည်။

ထိုသို့ ပြန်လည်ဆန်းစစ်ရန်မှာ ပြုပြင်ပြောင်းလဲလိုသည့် စိတ်သဘောထားနှင့် ဆန္ဒရှိရန် လိုအပ်ပါသည်။ သို့မှသာ လူမှုအသိုက်အဝန်းအတွင်း တရားမျှတမှု၊ အမှန်တရားနှင့် တည်ငြိမ်အေးချမ်းမှုကို ရှာဖွေနိုင်မည် ဖြစ်ပေသည်။ ။

# လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်နေသည့် ပြည်သူများအတွက် လိုအပ်သောဆေးဝါးများဝယ်ယူရန် အလှူငွေများ ပေးအပ်

**နေပြည်တော် ဇွန် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သောဆေးဝါးများ ဝယ်ယူအသုံးပြုနိုင်ရန် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ အလှူငွေများ ပေးအပ်ခြင်းကို အဆိုပါဆေးရုံရှိ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အလှူငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အလှူငွေကျပ်သိန်း ၄၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူနေသူများကို လိုက်လံကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖြတ်သန်းပြီးမြောက်ခဲ့သည့် လေးလတာခရီး...

ကနောင်

*(ယမန်နေ့မှ အဆက်)*

## ရွေးကောက်ပွဲကော်မရှင် ခြေလှမ်းစိပ်စိပ်

မေလ ၁ ရက်မှ ၁၀ ရက်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်၊ ကျွန်းလှ၊ ကန့်ဘလူနှင့် ဝက်လက်၊ မွန်ပြည်နယ် မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ ရေး၊ ချောင်းဆုံနှင့် သံဖြူဇရပ်၊ ချင်းပြည်နယ် တီးတိန်နှင့် တွန်းဇံ၊ မကွေးတိုင်းဒေသကြီး မြို့သစ်နှင့် မြိုင်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ တနင်္သာရီ၊ ကော့သောင်း၊ ဘုတ်ပြင်း၊ ကျွန်းစုနှင့် လောင်းလုံ စသည့်မြို့နယ်များ၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ၊ ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးနိုင်ခဲ့သည်။

ထို့အတူ မေလ ၁၁ ရက်မှ ၂၀ ရက်အတွင်း ရှမ်းပြည်နယ် တောင်ကြီး၊ ညောင်ရွှေ၊ ကလော၊ ရွာငံ၊ ပင်လောင်း၊ ကွမ်းလုံနှင့် တန့်ယန်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ၊ မင်းဘူး၊ ပွင့်ဖြူ၊ ငဖဲ၊ စေတုတ္တရာ၊ စလင်းနှင့် မင်းတုန်း၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်၊ ကြံခင်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ကျိုက်လတ်၊ ဒေးဒရဲ၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ပုသိမ်၊ ကန်ကြီးထောင့်၊ ငပုတော၊ သာပေါင်း၊ ကျောင်းကုန်း၊ ရေကြည်၊ ကျုံပျော်၊ ဖျာပုံ၊ ဘိုကလေး၊ ဟင်္သာတ၊ ဓနုဖြူ၊ လေးမျက်နှာ၊ အင်္ဂပူနှင့် ဇလွန် စသည့်မြို့နယ်တို့တွင် မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ၊ ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးနိုင်ခဲ့သည်။

**❐ မြဝတီမီဒီယာစင်တာ ဖွင့်လှစ်ခြင်းအားဖြင့် နယ်ပယ်စုံမှ အနုပညာသမားများနှင့် မီဒီယာသမားများအားလုံး အချက်အချာကျသည့် တစ်နေရာတည်းတွင် အဆင့်မြင့်နည်းပညာသုံး ရိုက်ကူးရေးနှင့် အသံဖမ်းစတူဒီယိုများ ထည့်သွင်းငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရိုက်ကူး၊ ထုတ်လွှင့်တင်ဆက်မှုများကို နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မေလ ၂၇ ရက်က ပြုလုပ်သည့် မိုးကောင်းရတနာမိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာ ဖွင့်ပွဲအခမ်းအနားတွင် မြဝတီမီဒီယာစင်တာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ထို့အတူ မေလ ၂၁ ရက်မှ ၃၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ခင်ဦး၊ ဒီပဲယင်း၊ တမူး၊ ကောလင်း၊ ကလေးဝနှင့် မင်းကင်း၊ ရှမ်းပြည်နယ် ကုန်းကြမ်း၊ ကျေးသီး၊ သီပေါ၊ ပင်းတယ၊ ဖယ်ခုံ၊ မိုင်းဆတ်၊ မိုင်းယန်း၊ မိုးနဲ၊ သိန္နီ၊ ကျောက်မဲ၊ နောင်ချို၊ မိုးမိတ်၊ မဘိမ်း၊ မက်မန်း၊ မိုင်းတုံ၊ မူဆယ်၊ ကွတ်ခိုင်၊ မိုင်းခတ်၊ ကျိုင်းတုံ၊ မိုင်းရယ်၊ ဆီဆိုင်၊နမ့်စန်၊ မိုင်းပျဉ်း၊ ဟိုပုံး၊ လွိုင်လင်၊ ရပ်စောက်၊ တာချီလိတ်နှင့် မိုင်းဖြတ်၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ်၊ မတူပီနှင့် ပလက်ဝ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ ထီးချိုင့်၊ ဝန်းသို၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကသာ၊ အင်းတော်၊ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ မော်လိုက်နှင့် ဖောင်းပြင်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ပုလော၊ သရက်ချောင်းနှင့် ရေဖြူ၊ ရှမ်းပြည်နယ် လားရှိုး၊ လင်းခေး၊ လဲချား၊ ဟိုပန်၊ နမ့်ခမ်း၊ လောက်ကိုင်နှင့် မိုင်းယောင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ၊ ရရှိ၊ သုံးစွဲ၊ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့ပါသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မေလ ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄၅ မြို့နယ်၊ မေလ ၁၄ ရက်တွင် မွန်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မေလ ၁၅ ရက်တွင် ရခိုင်ပြည်နယ်ရှိ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့သည့် မြို့နယ် ၈ မြို့နယ်၊ မေလ ၁၆ ရက်တွင် ကယားပြည်နယ်ရှိ မြို့နယ် ၇ မြို့နယ်နှင့် မေလ ၂၄ ရက်တွင် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၅ မြို့နယ်တို့၏ မဲပေးခဲ့မှုအခြေအနေများကို ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီး အဆိုပါ သတင်းထုတ်ပြန်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် မဲပေးခဲ့မှုအခြေအနေများသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။

## လူမှုဘဝမြှင့်တင်ရေးအတွက် ဆောင်ရွက်ချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၁ ရက်တွင် ကျရောက်သည့် အလုပ်သမားနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ရာ၌ ယခုအချိန်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားရမည့်အချိန်ဖြစ်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် လက်တွဲကြိုးပမ်းအကောင်အထည် ဖော်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး အမြန်ဆုံးပြန်လည်အားကောင်းလာမည် ဖြစ်ကြောင်းနဲ့ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာပြီး တည်ငြိမ်အေးချမ်းသော ဝန်းကျင်တစ်ခုဖြစ်ထွန်းစေရေးကို အလုပ်သမားထုကြီးထံသို့ ပေးပို့သည့် သဝဏ်လွှာတွင် အလေးအနက်ထား တိုက်တွန်းပြောကြားခဲ့သည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းမပေါ်တွင် ရှိသော မိုးကောင်းရတနာ မိခင်နှင့် ကလေးဆေးရုံနှင့် မြဝတီမီဒီယာစင်တာတို့ကို တက်ရောက်ဖွင့်လှစ်ပေးပြီး မိမိတို့ပြည်သူများအနေဖြင့် ကျန်းမာရေး ဝန်ဆောင်မှု ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများသို့သွားရောက်ဆေးကုသခံယူမှု စျေးကွက်ကို အစားထိုးနိုင်ရန်အတွက် အဆိုပါ ဆေးရုံကြီးကို တည်ဆောက်ခဲ့ကြောင်းနှင့် နိုင်ငံရပ်ခြားတွင် ဆေးကုသမှုခံယူပါက ကြုံတွေ့ရမည့် ဘာသာစကား အခက်အခဲ၊ ဆရာဝန်များနှင့် အရေးပေါ်ချိတ်ဆက် ဆွေးနွေးမှု အခက်အခဲများ မဖြစ်ပေါ်စေရန်၊ ဒေသတွင်း ပြည်သူလူထုအနေဖြင့် နိုင်ငံတကာအဆင့်မီ ဆေးကုသမှု ခံစားနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးအဖြစ် ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့အတူ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မြဝတီမီဒီယာစင်တာကို ဖွင့်လှစ်ပေးခဲ့ပြီး သတင်း၊ စာပေ၊ ရုပ်ရှင်၊ သီချင်း၊ ဂီတ၊ ရုပ်မြင်သံကြားများ အကျုံးဝင်သည့် မီဒီယာလုပ်ငန်းများသည် နိုင်ငံတစ်ခုအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသား အကျိုးစီးပွားအတွက် များစွာ အထောက်အကူပြုစေနိုင်သည့် အင်အားစုကြီးဖြစ်သည့်အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်အတွက် ဖော်ထုတ်ရေးသား ပြောဆိုခွင့်ကို တိုးမြှင့်ဆောင်ရွက်ရာတွင် အဓိကကျပြီး ပြည်သူတစ်ဦးချင်းစီအတွက်လည်း သိသင့်သိထိုက်သည့် ဗဟုသုတများ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ပွင့်လင်း မြင်သာမှုကိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပါကြောင်း မြဝတီမီဒီယာစင်တာဖွင့်ပွဲ အခမ်းအနားအတွင်း ထည့်သွင်းပြောကြားခဲ့သည်ကိုလည်း သိရှိခဲ့ရပါသည်။

မြဝတီမီဒီယာစင်တာဖွင့်လှစ်ခြင်းအားဖြင့် နယ်ပယ်စုံမှ အနုပညာသမားများနှင့် မီဒီယာသမားများအားလုံး အချက်အချာကြသည့် တစ်နေရာတည်းတွင် အဆင့်မြင့် နည်းပညာသုံး ရိုက်ကူးရေးနှင့် အသံဖမ်းစတူဒီယိုများ ထည့်သွင်းငှားရမ်းခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရိုက်ကူး၊ ထုတ်လွှင့်တင်ဆက်မှုများကို နိုင်ငံတကာ အဆင့်မီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းများကိုလည်း ယခုလအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့တွင် ထောက်ပံ့ပေးအပ်မှုများ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း အားရဖွယ်မြင်တွေ့ရသည်။ ထို့အတူ သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးလုပ်ငန်း လမ်းညွှန်(မူကြမ်း)နှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၁၉ ရက်တွင် ကျင်းပခဲ့ပြီး သက်ဆိုင်ရာသင်တန်းကျောင်းများအလိုက် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးကော်မတီများ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းခြင်းဆိုင်ရာနှင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားကို ရှေးရှု၍ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်ကိုလည်း မြင်တွေ့ရသည်။

မေလ ၅ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေ ကျပ်သိန်း ၁၀၀ နှင့် ဆန်၊ ဆီ၊ ကုလားပဲ၊ ဆားစသည့် စားနပ်ရိက္ခာများ ပေးပို့ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရနိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးသွားမည့် စီမံချက်များအရ မေလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင် ပန်းခင်းစီမံချက်ကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာ – ထိုင်း ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်နစ်နာသည့် ကလေးသူငယ်များ အကာအကွယ်ပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး ဆွေးနွေးပွဲကို မေလ ၁၂ ရက်က ကျင်းပရာ နားလည်မှုစာချွန်လွှာ နှစ်နိုင်ငံအဆင့် MoU လက်မှတ်ရေးထိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေနှင့် လက်မှတ်ရေးထိုးပြီးပါက နှစ်နိုင်ငံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုစနစ်ကျ လျင်မြန်စေရန် Standard Operational Procedure (SOP) ကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပြီး မြဝတီ – မဲဆောက်နှင့် ကော့သောင်း – ရနောင်းတို့တွင် ရှေ့ပြေး စီမံကိန်းများကို စတင်ပူးပေါင်း ဆောင်ရွက်သွားရန် သတ်မှတ်ရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။



မေလ ၂၁ ရက်နေ့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

**■ မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၄ ရက် ညပိုင်းမှစတင်၍ ယနေ့အထိ နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိ**

### ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားအရေး အလေးပေးဆောင်ရွက်လျက်ရှိ

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို မေ ၃၀ ရက်စွဲဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်အတွင်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆွေးနွေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ယခုကာလသည် အခြေခံပညာကျောင်းများ ဖွင့်လှစ်သည့်ကာလဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများကို ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးသွားမည်ဟု ပါရှိပါသည်။

အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ (NSPNC) နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)တို့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မေလ ၁၃ ရက်က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကော်မတီဝင်များ၊ ကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်တို့ တက်ရောက်ခဲ့ကြပြီး ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ (၃) ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြရာ ညှိနှိုင်းရေးကော်မတီအနေဖြင့် သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်မည်ဟု သတင်း၌ ဖော်ပြပါရှိသည်။

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် မေလ ၁၂ ရက်က မြို့တိုင်းရင်းသားခေါင်းဆောင် ဦးစံသာအောင်နှင့် အဖွဲ့အား တွေ့ဆုံခဲ့ပြီး မြို့တိုင်းရင်းသားစာပေအား အခြေခံပညာကျောင်းများတွင် တရားဝင်သင်ကြားခွင့်ရရှိနိုင်ရေး၊ တိုင်းရင်းသားဘာသာသင် နေ့စားလပေး (TA/ LT) ဆရာ/ ဆရာမများ ခန့်ထားပေးနိုင်ရေး၊ မြို့တိုင်းရင်းသား စာပေကိစ္စများ၊ တိုင်းရင်းသားရေးရာနှင့် ပတ်သက်၍ လုပ်ဆောင်ပေးနိုင်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

### လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး

မတရားအသင်းကြေညာထားသော NUG အမည်ခံပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီလ ၁၄ ရက် ညပိုင်းမှစတင်၍ ယနေ့အထိ နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သော ပညာရေးဝန်ထမ်းများအား လှုံ့ဆော်ခြင်း၊ ပါဝင်လုပ်ဆောင်ခြင်း၊ ထောက်ခံအားပေးခြင်း၊ မတရားအသင်းများအား ထောက်ခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော ပညာရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ သူနာပြုများ၊ အနုပညာရှင်များကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နေမှုများကို မေလအတွင်း ဆက်လက် ဖော်ထုတ်လျက်ရှိသည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးရန်အတွက် စစ်အုပ်ချုပ်ရေးအမိန့် ၄/၂၀၂၂ နှင့် ၅/၂၀၂၂ ကို မေလ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်ကို မြင်တွေ့ရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို မေလ ၂၁ ရက်တွင်ကျင်းပရာ နိုင်ငံရေးပါတီများက တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် ကော်မရှင်အနေဖြင့် ထောက်ပံ့ကူညီပေးရေး၊ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးနှင့် ကျင့်သုံးရာတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် စနစ်ဖြစ်စေရန် အထူးဂရုပြု ဆောင်ရွက်သွားရေး၊ တည်ဆဲဥပဒေများ ချိုးဖောက်၍ မဲမသမာမှုဆောင်ရွက်ခဲ့သည့် ပါတီအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရေးနှင့် အချိုးကျကိုယ်စားပြုစနစ်(PR) နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေး အကြံပြုကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်ကို မြင်တွေ့ရသည်။

### မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်သည့် သတင်းထုတ်ပြန်ချက် တစ်စောင်ကိုလည်း မေလအတွင်းမှာပင် ထုတ်ပြန်ခဲ့သည်။ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေရသည့် အတွက် လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် ၎င်းတို့ ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ခြင်းကြောင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့်သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်ထားပါသည်။

*စာမျက်နှာ ၁၀ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခြင်းအကြောင်း သိကောင်းစရာများ

၁။ ကုမ္ပဏီလုပ်ငန်းရှင်အခွန်ထမ်းပြည်သူများအနေဖြင့် လုပ်ငန်းတည်နေရာပြောင်းလဲခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း၊ လုပ်ငန်းပမာဏပြောင်းလဲခြင်းတို့ကြောင့် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူရခြင်းများ ပေါ်ပေါက်နိုင်ပါသည်။

၂။ လက်ရှိအခွန်ထမ်းဆောင်လျက်ရှိသော အခွန်ထမ်းဖြစ်ပါက မိမိပြောင်းလဲစည်းကြပ်မှုခံယူလိုသည့် စည်းကြပ်နှစ်မတိုင်မီ တစ်လကြိုတင်၍ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (Centralized Taxpayer Service Unit–CTSU) တွင် လျှောက်ထားရမည် ဖြစ်ပါသည်။

၃။ အခွန်ထမ်းမှတ်ပုံတင်အသစ် လျှောက်ထားသူဖြစ်ပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (CTSU) မှ အခွန်ထမ်းဆောင်ရမည့်ရုံးအား သတ်မှတ်ပြန်ကြားသည့်နေ့မှ တစ်လအတွင်း အခွန်ထမ်းဝန်ဆောင်မှု ဗဟိုအဖွဲ့ရုံး (CTSU) တွင် လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်ထားရာတွင် အခွန်ရုံးပြောင်းလဲစည်းကြပ်ခံယူခွင့်ပြုပါရန် လျှောက်လွှာနှင့် မည်သည့်အတွက်ကြောင့် ပြောင်းလဲစည်းကြပ်မှုခံယူလိုကြောင်း ခိုင်လုံသောအကြောင်းပြချက် အပြည့်အစုံတို့ကို တင်ပြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ အခွန်ရုံးပြောင်းလဲစည်းကြပ်မှုခံယူခွင့်ပြုပါရန် လျှောက်လွှာ ပုံစံကို www.ird.gov.mm တွင် ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

*စာမျက်နှာ ၉ မှ*

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့မှ မေလ ၈ ရက်နေ့ ရက်စွဲဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး မတရားအသင်း "NUG" နှင့် "PDF"တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင် အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ရာ ယင်းအဖွဲ့များ၏ "CDM" ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ "CDM" မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက် လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် အကြမ်းဖက်မှုများတွင် အကျုံးဝင်သဖြင့် မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်ခြင်းဖြစ်ပါသည်။

### ဝမ်းမြောက်ဖွယ်သတင်းကောင်း

၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၂၆ ရက်မှစတင်၍ စက်တင်ဘာလ ၃၀ ရက်အထိ ဒေသအသီးသီးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ အားလုံးတွင် ထုတ်ချေးပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်တစ်စောင်ကို မေလ ၂၀ ရက်ထုတ်သတင်းစာများ၌ ဖော်ပြပါရှိသည့်အပြင် ကိုဗစ်–၁၉ ကြောင့် ၂၀၂၀ ပြည့်နှစ် မိုးရာသီချေးငွေများပေးဆပ်ရန် အခက်အခဲရှိသည့် တောင်သူများကို ဧပြီ ၁၅ ရက်အစား ဇူလိုင်လ ၃၁ ရက်အထိ တိုးမြှင့်ပြင်ဆင်ဖြေလျှော့ပေးထားကြောင်း သိရသဖြင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

### စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အစဉ်ကြိုးပမ်း

ထို့အတူ တိုင်းပြည်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ ရရှိစေရေး၊ အခွန်ပေးဆောင်မှု လွယ်ကူစေရေးအတွက် Online Payment စနစ်ဖြင့် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ မေ ၁ ရက်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အကောက်ခွန်ဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်ကို တွေ့ရှိရသည်။

မိုဘိုင်းအင်တာနက် အသုံးပြုမှု ယာယီပြတ်တောက်မှုများ မေလအတွင်း ပြန်လည်ကောင်းမွန်လာခဲ့သဖြင့် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည် လည်ပတ်လာနိုင်ခဲ့သည်ကိုလည်း ဝမ်းမြောက်ဖွယ် မြင်တွေ့ရမည် ဖြစ်ပါသည်။ ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် မေလ ၃ ရက်တွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့အဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး ထိုကဲ့သို့ပြင်ဆင်ပေးလိုက်သဖြင့် ဌာနအတွင်းရှိ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်ထိရောက်တော့မည်ဖြစ်သည်။

ပြည်တွင်းတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ လိုင်စင်များ၊ ပါမစ်များ၊ ထောက်ခံချက်များအတွက် အခက်အခဲနှင့် ကြန့်ကြာမှုများမဖြစ်ပေါ်စေရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်သွားနိုင်ရန် ပြန်လည်သုံးသပ်ရေးအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိသည်ကိုလည်း မေလ ၃ ရက်က မြင်တွေ့ခဲ့ရပါသည်။

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများတွင် ပင်လယ်ရေကြောင်းမှ ပြည်ပ ပို့ကုန်လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် မေ ၁၂ ရက်အထိ ဆန်နှင့် ဆန်ကွဲ ၁,၃၀၆,၃၀၀ တန်၊ ပြောင်း ၂,၀၃၅,၁၁၃ တန်၊ ပဲအမျိုးမျိုး ၁,၁၁၂,၉၆၃ တန်၊ နှမ်းအမျိုးမျိုး ၂၁၇,၄၄၉ တန်၊ ရော်ဘာစိမ်း ၂၀၈,၉၇၈ တန်နှင့် အခြားလယ်ယာကိုင်းကျွန်းထွက်ပစ္စည်းများ ၂,၀၀၅,၂၀၂ တန်၊ စုစုပေါင်း ၆,၈၈၆,၀၀၄ တန် တင်ပို့ခဲ့သည့်အနက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ မေ ၁၂ ရက်အထိ ဆန်နှင့် ဆန်ကွဲ ၄၀၅,၄၁၆ တန်၊ ပြောင်း ၁,၁၁၂,၃၅၃ တန်၊ ပဲအမျိုးမျိုး ၅၁၆,၃၅၈ တန်၊ နှမ်းအမျိုးမျိုး ၃၀,၉၉၄ တန်၊ ရော်ဘာစိမ်း ၄၁,၇၄၄ တန်နှင့် အခြားလယ်ယာ ကိုင်းကျွန်းထွက်ပစ္စည်းများ ၃,၄၄၅,၈၁၀ တန်၊ စုစုပေါင်း ၅,၅၅၂,၆၇၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်(ဧပြီလအထိ) ယာယီစာရင်းများအရ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၈ ဘီလီယံကျော် ကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိသော ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၅ ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုခဲ့သည်ကို မေလ ၇ ရက်တွင် ကျင်းပသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးမှ သိရသည်။

မြန်မာ့စီးပွားရေးဘဏ်က အထူးဝန်ဆောင်မှုလုပ်ငန်းများကို မေလ ၁၇ ရက်တွင် စတင်ခဲ့ပြီး ဘဏ်စာရင်းအသစ်ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် စာရင်းသစ်ဖွင့်သူများအတွက် အထူးကောင်တာသီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ် ဖွင့်လှစ်ပေးခြင်းနှင့် ငွေသားအပ်နှံမှု လက်ခံခြင်းနှင့် စာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်းနည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်ပြီး ငွေသား ပြန်လည်ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ခဲ့ပြီဖြစ်ပါသည်။

ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)ကို မေလ ၁၂ ရက်က ကျင်းပခဲ့ပါသည်။ ကုစားရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လုပ်ငန်းစဉ်များကို ပြင်ဆင်ချမှတ်ပေးခဲ့ကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာလည်ပတ်နိုင်ရေးအတွက် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်း မူဝါဒချမှတ်နိုင်ရေး၊ ဖြေလျှော့ပေးသင့်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ပေးနိုင်ရေးနှင့် သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရွှေတိဂုံစေတီတော်သို့ ငွေကျပ်သိန်း ၁၀၀၀ နှင့် ရွှေစင် ၁ ကျပ်သား ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၄**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်သို့ ငွေကျပ်သိန်း ၁၀၀၀ နှင့် ရွှေစင် ၁ ကျပ်သား ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတောင်ဘက်ရှိ ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပရိသတ်အပေါင်းက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူတို့က ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ရွှေပိဋကတ်တိုက်ကျောင်းမှ သာသနဓဇ ဓမ္မာစရိယဆရာတော် အရှင်ကေလာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် အလှူရှင် မန္တလေးမြို့နေ သီရိသုဓမ္မသိင်္ဂီဒေါ်မြသိန်းနှင့် မိသားစု(မြဝတီစတိုး)က ဦးကျော်၊ ဒေါ်မိမိ(သမီး)ဒေါ်အေးကြည်တို့အားရည်စူး၍ ငွေကျပ်သိန်း ၁၀၀၀ အား ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးတင်ဝက လည်းကောင်း၊ အလှူရှင် စမ်းချောင်းမြို့နယ်နေ ဒေါ်သောင်းသောင်းမိက ဦးကျော်၊ ဒေါ်မိမိ(သမီး)ဒေါ်အေးကြည်တို့အားရည်စူး၍ ရွှေ ၁ ကျပ်သားအား ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးခင်မောင်ဌေးက လည်းကောင်း လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဓမ္မာစရိယဆရာတော် အရှင်ကေလာသထံမှ အနုမောဒနာတရားနာကြားကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် အခမ်းအနားတက်ရောက်သူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ဇော်လတ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ပို့ကုန်/သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း (၂/၂၀၂၁) သင်တန်းဆင်းပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၁၄**

ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်း သင်တန်း (၂/၂၀၂၁) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**စဉ်ဆက်မပြတ် လေ့လာ**

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အရာထမ်း၊ အမှုထမ်းများအားလုံး ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများ၊ ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို သိရှိနေရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်လုပ်ကိုင်နေသည့် အခြားဝန်ကြီးဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း သိရှိနေရမည်ဖြစ်သလို နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း စဉ်ဆက်မပြတ် လေ့လာသုံးသပ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးညွန့်အောင်က သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဆုချီးမြှင့်ပြီး အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက သင်တန်းဆင်း အောင်လက်မှတ်များအား သင်တန်းသားတစ်ဦးထံသို့ ပေးအပ်ချီးမြှင့်ခဲ့သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ရက်သတ္တ ကိုးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၆၁) နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၉၇) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၄

**အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၆၁)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၉၇) တို့၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပသည်။** (အပေါ်ပုံ)

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှအောင်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကျောင်းအုပ်ကြီး၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**အားထုတ်ကြိုးပမ်း**

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ (ကိုယ်စား) အဖွဲ့ဝင် ဦးရဲနိုင် က ယနေ့ဖွင့်လှစ်သည့် သင်တန်း (၂) ခု၌ ဝန်ထမ်းများသိရှိရမည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို သိရှိစေရန်၊ ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အခြေအနေများကို လေ့လာနိုင်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ခင်ရင်းနှီးမှုများ ရရှိစေရန်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်၊ ယုံကြည်ချက်၊ ကောင်းမွန်သည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် သင်ကြားလေ့ကျင့်ပေးသွားမည် ဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ ရာထူးအဆင့်အလိုက် တတ်ကျွမ်းသင့်သည့် လုပ်ငန်းစွမ်းရည်၊ စီမံခန့်ခွဲရေးစွမ်းရည်၊ စိတ်ဓာတ် စွမ်းရည်နှင့် ခေါင်းဆောင်မှုအရည်အသွေးများ တိုးတက်ဖွံ့ဖြိုးလာစေရန် အားထုတ်ကြိုးပမ်းကြရန် လိုအပ်ကြောင်း မှာကြားပြီး သင်တန်းသား သင်တန်းသူများအား လိုက်လံတွေ့ဆုံ အားပေးစကားပြောကြားသည်။

**သင်တန်းဖွင့်လှစ်**

အဆိုပါ အရာထမ်း အခြေခံသင်တန်း အမှတ်စဉ် (၆၁) မှ သင်တန်းသား သင်တန်းသူ ၁၆၈ ဦးနှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၉၇) မှ သင်တန်းသား သင်တန်းသူ ၁၇၄ ဦး တက်ရောက်ခဲ့ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ သင်တန်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က COVID-19 ကျန်းမာရေးစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများကို COVID-19 ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ် (၁၀) မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၁၇ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင် တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ်နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆေးကုသရေး အဖွဲ့က ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများကို COVID-19 ရောဂါနှင့် ပတ်သက်၍ စစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ ပြည်ပမှ ပြန်လည် ဝင်ရောက်လာသူ ၇၄၄၃ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၄**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၅.၈၇ လက်မ၊ ဝမြို့တွင် ၅.၅၅ လက်မ၊ သံတွဲမြို့တွင် ၃.၈၂ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃.၇၄ လက်မ၊ ကတိုင်တိ (ဖာပွန်မြို့နယ်) တွင် ၃.၆၂ လက်မ၊ ရွှေကျင်မြို့တွင် ၃.၅၁ လက်မ၊ မဒေါက်မြို့တွင် ၃.၃၁ လက်မ၊ ဇောင်းတူမြို့တွင် ၃.၁၉ လက်မ၊ ဗန်းမော်မြို့တွင် ၂.၉၆ လက်မ၊ တောင်ကုတ်မြို့တွင် ၂.၇၂ လက်မနှင့် သာယာဝတီမြို့တွင် ၂.၆၄ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ဂျီ - ၇ ခေါင်းဆောင်များ သုံးရက်ကြာအစည်းအဝေး ကျင်းပပြီးစီး

**လန်ဒန် ဇွန် ၁၄**

ဂျီ-၇ ခေါင်းဆောင်များ သုံးရက်ကြာကျင်းပမည့် အစည်းအဝေးများ အောင်မြင်စွာ ပြီးစီးပြီဖြစ်သည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ခေါင်းဆောင်များသည် နှစ်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် လူချင်းတွေ့ဆုံကာ ကမ္ဘာ့ရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

၂၀၂၂ ခုနှစ်တွင် ကိုဗစ် -၁၉ ကပ်ရောဂါအဆုံးသတ်နိုင်ရေးအတွက်လည်း ရည်မှန်းချက်ထားကာ လုပ်ဆောင်သွားရန် သဘောတူညီမှုရရှိခဲ့သည်ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

ကိုဗက်အစီအစဉ်မှတစ်ဆင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ကိုဗစ် -၁၉ ကာကွယ်ဆေး ၁ ဘီလီယံကူညီပေးရန်အတွက် ခေါင်းဆောင်များက သဘောတူခဲ့ကြပြီး ယင်းအတွက် ကျေနပ်ဝမ်းသာမိသည်ဟု ဂျွန်ဆင်က ပြောသည်။



ဂျီ - ၇ ထိပ်သီးအစည်းအဝေးပြုလုပ်နေစဉ်။

ကမ္ဘာ့ဆင်းရဲသည့် နိုင်ငံများသို့ ဗြိတိန်နိုင်ငံက ကိုဗစ် -၁၉ ကာကွယ်ဆေးသန်း ၁၀၀ အကူအညီပေးမည်ဖြစ်သည်။ အစည်းအဝေး၏ နောက်ဆုံးရက်တွင် ရာသီဥတုပြောင်းလဲမှု စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြသည်။

ရာသီဥတုပြောင်းလဲမှုတွင် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းရန် ဂျီ - ၇ နိုင်ငံများက ကတိပြုခဲ့ကြပြီး တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးကြရန်လည်း သဘောတူခဲ့ကြသည်။ နိုဝင်ဘာလအတွင်းကျင်းပမည့် COP 26 ထိပ်သီးအစည်းအဝေးတွင် ဗြိတိန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်ဖြစ်သည်။ ယခုခရီးစဉ်သည် အမေရိကန်သမ္မတဂျိုးဘိုင်ဒင် သမ္မတအဖြစ် တာဝန်ယူပြီးနောက် ပထမဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်ကာ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အမေရိကန်၏ပါဝင် ပတ်သက်မှုကို ပြန်လည်ထိန်းသိမ်းမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

အင်န်အိတ်ချ်ကေ

## တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀ ကျော်ကို လစ်ဗျားသို့ ပြန်လည်ပို့ဆောင်

**ထရီပိုလီ ဇွန် ၁၄**

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀ ကျော်ကို လစ်ဗျားသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဇွန် ၁၃ ရက်တွင် ပြောသည်။

အာဏာပိုင်များက ဖွင့်လှစ်ထားသည့် ထိန်းသိမ်းရေးစင်တာများသို့ မပို့မီ ၎င်းတို့ကို ဆေးဝါး၊အစားအသောက်နှင့်ရေများ ကူညီပေးခဲ့သည်ဟုလည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက သတင်းထုတ်ပြန်သည်။ လစ်ဗျားနိုင်ငံတွင် အာဏာရှင်မွမ်မာကဒါဖီကို ၂၀၁၁ ခုနှစ်တွင် ဖြုတ်ချပြီးသည့်နောက်ပိုင်း တိုင်းပြည်လုံခြုံရေးပျက်ပြားမှုနှင့် ဖရိုဖရဲဖြစ်မှုများကြားတွင် နစ်နေခဲ့ရသည်။ သို့သော်လည်း မြေထဲပင်လယ်ကိုဖြတ်ကျော်၍ ဥရောပကမ်းခြေများဆီသွားလိုသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများအတွက်မူ အဓိကထွက်ပေါက်သဖွယ် ဖြစ်နေဆဲဖြစ်သည်။

ဆင်ဟွာ

## အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ်သစ် ဘန်နက်ကို ဝမ်းမြောက်ကြောင်းပြောကြား

**ဂျေရုဆလင် ဇွန် ၁၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် မကြာသေးမီက အစ္စရေးဝန်ကြီးချုပ်သစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သော နဖ်တာလီ ဘန်နက်ကို ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။


အစ္စရေးဝန်ကြီးချုပ်သစ် နဖ်တာလီဘန်နက်နှင့် အမေရိကန် သမ္မတဂျိုးဘိုင်ဒင်

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ်သစ် ဘန်နက်တို့သည် ဇွန် ၁၃ ရက်တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြပြီး ယင်းနေ့တွင်ပင် အစ္စရေးညွန့်ပေါင်းအစိုးရ အဖွဲ့အသစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အမေရိကန်-အစ္စရေး ဆက်ဆံရေးတွင် ဆယ်စုနှစ်များစွာကြာ ခိုင်မာမှုနှင့် အစ္စရေးနိုင်ငံ၏ လုံခြုံရေးအတွက် ယိမ်းယိုင်ခြင်းမရှိသည့် ၎င်း၏ရပ်တည်ချက်ကိုလည်း သမ္မတဘိုင်ဒင်က အလေးအနက်ထား ပြောကြားခဲ့သည်။

အီရန်အရေးကိစ္စအပါအဝင် ဒေသတွင်း လုံခြုံရေးနှင့် ဆက်နွှယ်သည့်ကိစ္စရပ်များကို အချင်းချင်းတိုင်ပင် အကြံပေးကြရန်လည်း ခေါင်းဆောင်နှစ်ဦးက သဘောတူခဲ့ကြသည်ဟု ပြောသည်။

အစ္စရေး-ပါလက်စတိုင်းတို့၏ အကျိုးစီးပွား၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် သမ္မတဘိုင်ဒင်အစိုးရသည် အစ္စရေးအစိုးရနှင့် အတူလက်တွဲကာ လုပ်ဆောင်လိုသည်ဟုလည်း ဘိုင်ဒင်က ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

## အီရတ် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့၏ နှိမ်နင်းမှုကြောင့် အိုင်အက်စ် စစ်သွေးကြွ ၁၃ ဦး သေဆုံး

**ဘဂ္ဂဒက် ဇွန် ၁၄**

အီရတ်နိုင်ငံ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးအဖွဲ့၏ နှိမ်နင်းမှုကြောင့် ယခုလအတွင်း တိုင်းပြည်တစ်လွှားမှ အိုင်အက်စ် စစ်သွေးကြွ ၁၃ ဦးကို နှိမ်နင်းနိုင်ခဲ့သည်ဟု ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

အီရတ်လေယာဉ်များ၏ နောက်ခံအကူအညီဖြင့် ဇွန်လအတွင်း စစ်ဆင်ရေးများပြုလုပ်နိုင်ခဲ့ပြီး စစ်သွေးကြွ ၁၃ ဦးကို သတ်ဖြတ်နိုင်ခဲ့ကာ အများအပြားလည်း ဖမ်းဆီးမိခဲ့သည်ဟု အီရတ်နိုင်ငံ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးအဖွဲ့ မှ ပြောရေးဆိုခွင့်ရှိသူ ဆာဘတ်အယ်နူမန်ကပြောသည်။

စစ်ဆင်ရေးပြုလုပ်ရာတွင် အိုင်အက်စ်များ ပုန်းအောင်းနေရာ လိုဏ်ခေါင်းများနှင့် ပုန်းအောင်းရာနေရာအချို့ကို ပစ်မှတ်ထားကာ ပြုလုပ်ခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ အီရတ်နိုင်ငံ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးအဖွဲ့သည် အိုင်အက်စ်များကို နှိမ်နင်းရန် နောက်ထပ်စစ်ဆင်ရေးများ ပြုလုပ်ဦးမည်ဟုလည်း ပြောသည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် အီရတ်တပ်ဖွဲ့က အိုင်အက်စ် စစ်သွေးကြွများကို အနိုင်တိုက်ထုတ်နိုင်ပြီးနောက် အီရတ်နိုင်ငံ ၏လုံခြုံရေးအခြေအနေမှာ တိုးတက်လာခဲ့သည်။

ဆင်ဟွာ

## တစ်လကျော်ကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် လူသေမှု အများဆုံးနေ့အဖြစ် စံချိန်တင်

**ဒါကာ ဇွန် ၁၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၁၃ ရက်၌ ကိုဗစ် -၁၉ ကြောင့် နေ့စဉ်လူသေမှုနှုန်းမှာ တစ်လကျော်ကာလအတွင်း အများဆုံးနေ့အဖြစ် စံချိန်တင်ခဲ့သည်။

ကျန်းမာရေးအာဏာပိုင်များ၏ပြောကြားချက်အရ ကိုဗစ် - ၁၉ ကြောင့် စုစုပေါင်း သေဆုံးမှုနှုန်းမှာ ၁၃၁၁၈ ဦးရှိခဲ့သည်။ ဇွန် ၁၃ ရက်တွင် ကိုဗစ် -၁၉နှင့်ဆက်စပ်ပြီး သေဆုံးသူအရေအတွက် ၄၇ ဦး ရှိခဲ့ပြီး ယင်းပမာဏမှာ မေ ၉ ရက်နောက်ပိုင်းတွင် အများဆုံးပမာဏဖြစ်သည်ဟု ကျန်းမာရေးဝန်ဆောင်မှု ညွှန်ကြားရေးမှူးရုံးက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၄၃၆ ဦးရှိခဲ့ပြီး စုစုပေါင်း ကူးစက်ခံရသူ ၈၂၆၉၂၂ ဦးရှိသည်။ ဇွန် ၁၃ရက်တွင် လူပေါင်း ၁၈၇၄၉ ဦးကို ဆေးစစ်ပေးနိုင်ခဲ့သည်။ တရားဝင်ထုတ်ပြန်ထားသည့်အချက်အလက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ် - ၁၉ကြောင့် သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၅၉ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသူနှုန်းမှာ ၉၂ ဒသမ ၆၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ဆင်ဟွာ


ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ပါးစပ်၊ နှာခေါင်းစည်းများ ရောင်းချနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုများ အာရှ- ပစိဖိတ်တွင် ဆက်လက်ဖြစ်ပွားလျက်ရှိ

ဟောင်ကောင် ဇွန် ၁၄

**ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် အာရှ-ပစိဖိတ်တွင် ဆက်လက်ဖြစ်ပွားလျက်ရှိသည်။**



ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံ၏ စုစုပေါင်းကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၉ သန်း ကျော်လွန်လာခဲ့ပြီး ၂၉၅၁၀၄၁၀ အထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဇွန် ၁၃ ရက်က ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၃၉၂၁ ဦးတိုးလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၃၇၄၃၀၅ ဦးအထိ ရောက်ရှိလာခဲ့သည်။ ဧပြီနှင့် မေလများအတွင်း ရက်ပေါင်းအတော်ကြာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၀၀၀၀ ကျော်လွန်လာပြီး နောက် ဇွန် ၁၄ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၀၄၂၁ ဦး ရှိခဲ့သည်ဖြစ်ရာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ခုနစ်ရက်ဆက်တိုက် ၁၀၀၀၀၀ အောက်ကျဆင်းခဲ့ကြောင်း သိရသည်။

လတ်တလောနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၇၃၁၅၈ ဦး ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၅၃၀၀၁ ဦးအထိ ကျဆင်းခဲ့သည်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူတစ်သန်းအောက် ကျဆင်းခဲ့သည်မှာ လွန်ခဲ့သော လအနည်းငယ်အတွင်း ပထမဆုံးအကြိမ် ဖြစ်ခဲ့သည်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၄၂၆ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၂၂၀၅၃ ဦးအထိ ရောက်ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြသည်။

ကိုဗစ်- ၁၉ ကြောင့် ၅၇ ဦး ထပ်မံသေဆုံးမှုနှင့် အတူ စုစုပေါင်းသေဆုံးသူ ၂၂၈၄၅ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း အဆိုပါဌာနက သတင်းဆက်လက်ထုတ်ပြန်လိုက်သည်။

လူဦးရေသန်း ၁၁၀ ကျော်ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခဲ့သည့် ဇန်နဝါရီ ၂၀၂၀ မှစပြီး ယခုအချိန်အထိ လူဦးရေ ၁၃ သန်းကျော် ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးပြီးခဲ့ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာသော်လည်း မြို့တော်မနီလာ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအခြေအနေမှာ ထိခိုက်လွယ်သော အခြေအနေဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

### မလေးရှား

မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၉၄၉ ဦးရှိလာကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၆၆၂၄၅၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဇွန် ၁၄ ရက်က သတင်းထုတ်ပြန်လိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ထပ်မံကူးစက်ဖြစ်ပွားသူများ အနက် ခြောက်ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး ၄၉၄၃ ဦးမှာ ပြည်တွင်း ကူးစက်သူများဖြစ်ကြောင်း ပြောသည်။

ကိုဗစ်- ၁၉ ဖြင့် နောက်ထပ် ၆၀ သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၃၉၆၈ ဦး ရှိလာခဲ့သည်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၅၈၆၈၆၄ ဦး ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

ကျန်ရှိလျက်ရှိသည့် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေသူ ၇၁၆၂၅ ဦးအနက် ၄၅၉ ဦးကို အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

### အာဖဂန်နစ္စတန်

ကျန်းမာရေးအာဏာပိုင်များက တစ်နေ့အတွင်း ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးမှု ၅၀၇၀ စစ်ဆေးခဲ့ပြီးနောက် ၁၈၀၄ ဦး ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့မှုနှင့်အတူ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၃၂၇၂ ဦးရှိလာကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်ဆက်စပ်သေဆုံးသူ ၇၁ ဦး ထပ်တိုးလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်းသေဆုံးသူ ၃၆၈၃ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းဖော်ပြသည်။ ထို့အတူ ဇွန် ၁၄ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၉၆ ဦးရှိသည်။

### ပါကစ္စတန်

ပါကစ္စတန်တွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၀၁၉ ဦးရှိကြောင်း အမျိုးသားထိန်းချုပ်ကွပ်ကဲရေးနှင့် စစ်ဆင်ရေးဌာန (အင်န်စီအိုစီ) က ဇွန် ၁၄ ရက်က ပြောလိုက်သည်။

အင်န်စီအိုစီ၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၄၂၁၈၉ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ၎င်းပမာဏတွင် ကိုဗစ်- ၁၉ မှပြန်လည်ကောင်းမွန်လာသူပေါင်း ၈၇၈၇၄၀ ပါဝင်သည်။

ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၄ ဦးထပ်တိုးလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၁၇၂၃ ဦးအထိ ရှိလာသည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံတွင် အမျိုးသမီးတစ်ဦး ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံယူနေသည်ကို တွေ့ရစဉ်။

# အင်ဒိုနီးရှားအစိုးရ ကိုဗစ်-၁၉ ကန့်သတ်ကာလကို နောက်ထပ် ၁၄ ရက် သက်တမ်းထပ်တိုး

ဂျကာတာ ဇွန် ၁၄

**ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို တားဆီးရန် အင်ဒိုနီးရှားအစိုးရသည် ဇွန် ၁၄ ရက်တွင် ကုန်ဆုံးမည့် အသေးစိတ်တင်းကျပ်ထားသည့် ကိုဗစ်- ၁၉ ကန့်သတ်ချက်ကာလကို ဇွန် ၂၈ ရက်အထိ နောက်ထပ် ၁၄ ရက် ထပ်မံတိုးမြှင့်လိုက်ကြောင်း အဆင့်မြင့်ဝန်ကြီးတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။**



အင်ဒိုနီးရှားနိုင်ငံ ယိုဂျကာတာတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ စစ်ဆေးရန် မိန်းကလေးတစ်ဦးထံမှ နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

အနီရောင်သတ်မှတ်နယ်မြေအတွင်း ကျရောက်လျက်ရှိသည့် ရုံးဌာနများတွင် အလုပ်သမားအများဆုံး ၂၅ ဦးအထိသာ ခွင့်ပြုသွားမည်ဖြစ်ပြီး ကျန်အလုပ်သမားများမှာ နေအိမ်မှအလုပ်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း စီးပွားရေးဆိုင်ရာ ညှိနှိုင်းမှုဝန်ကြီး အဲလန်ဂါဟာတာတိုက ပြောသည်။

နိုင်ငံအတွင်း မတူညီသောဒေသများတွင် အန္တရာယ်ရှိသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဖြစ်ပွားလျက်ရှိခြင်းကို အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အစိမ်းရောင်များဖြင့် သတ်မှတ်ထားပြီး အနီရောင်သည် အန္တရာယ်အရှိဆုံးကို ကိုယ်စားပြုဖော်ပြပြီး အစိမ်းရောင်သည် ကိုဗစ်- ၁၉ ကင်းစင်နယ်မြေအဖြစ် ဖော်ပြသည်။

လိမ္မော်ရောင် သို့မဟုတ် အဝါရောင်နယ်မြေများရှိ ရုံးဌာနများအနေဖြင့် အလုပ်သမားအများဆုံး ၅၀ ရာခိုင်နှုန်းအထိ ထားနိုင်ကြောင်း ဟာတာတိုက ပြောကြားလိုက်သည်။ ဟာတာတိုသည် ကိုဗစ်- ၁၉ ကိုင်တွယ်ဖြေရှင်းရေးနှင့် အမျိုးသားစီးပွားရေး ပြန်လည်တိုးတက်ရေးကော်မတီ၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

ဈေးဝယ်ကုန်တိုက်များနှင့် စားသောက်ဆိုင်များ၏ လုပ်ငန်းချိန်ကိုလည်း ည ၉ နာရီအထိသာ ခွင့်ပြုထားပြီး ခရီးသည်အများဆုံး ၅၀ သာခွင့်ပြုထားကြောင်း သိရသည်။ အနီရောင်နယ်မြေအတွင်းရှိ စာသင်ကျောင်းများတွင် မျက်နှာချင်းဆိုင် စာသင်ကြားခြင်းကို လုံးဝကန့်သတ်ထား ပြီး အွန်လိုင်းသင်တန်းများသာ တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။ အနီရောင်နယ်မြေအတွင်းရှိ ပြည်သူများကို နေအိမ်များ၌သာ ဘုရားဝတ်ပြုရန် တိုက်တွန်းထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၁၈၉ ဦးရှိလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၁၉၅၄၇ ဦးတိုးလာခဲ့သည်။ ထို့အပြင် သေဆုံးသူ နောက်ထပ် ၂၃၇ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့်သေဆုံးသူ ၅၃၁၁၆ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဇွန် ၁၄ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဆင်ဟွာ

# စိန်ခေါ်မှုတွေရှိနေတဲ့ကြားက နောက်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့ ကြိုးစားနေတဲ့ မလေးရှား

----- ထွန်းကျော် -----

နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေများနေသလို ကျန်းမာရေးစနစ် ဝန်ပိနေခြင်းက ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်တဲ့နေရာမှာ မလေးရှားနိုင်ငံအတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်နေပါတယ်။ ဒီအခြေအနေက ရုန်းထွက်ဖို့ အစိုးရကတော့ ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေကို အရှိန်အဟုန်မြှင့်ထိုးပေးဖို့ အပူတပြင်းကြိုးစားနေပါတယ်။



မလေးရှားနိုင်ငံ ဘိုင်ဘာဂျာယာ၌ ကိုဗစ်-၁၉ စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းတစ်ဦးက အမျိုးသမီးတစ်ဦး၏ နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

## ကန့်သတ်ပိတ်ဆို့မှု တိုးမြှင့်

ဇွန် ၁ ရက်ကတည်းက ကန့်သတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်ခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ ဆက်လက်မြင့်တက်နေတဲ့အတွက် မလေးရှားနိုင်ငံဟာ ကိုဗစ်-၁၉ ကပ်ဆိုးကြီးက ကျော်လွှားနိုင်ဖို့ ဇွန် ၁၁ ရက်က နိုင်ငံလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုတွေ တိုးမြှင့်လိုက်ပါတယ်။

နောက်ဆုံး ကန့်သတ်ပိတ်ဆို့မှုကို ဇွန် ၂၈ ရက်အထိ တိုးမြှင့်လိုက်ရာမှာ မလိုအပ်ဘဲ လှုပ်ရှားမှုတွေမလုပ်ဖို့ တားမြစ်ချက်တွေလည်း ပါပါတယ်။

မလေးရှားနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ ဆက်လက်မြင့်တက်လာတဲ့အတွက် ဒီလိုမျိုးဆုံးဖြတ်လိုက်တာပါ။ တစ်နေ့ကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်ဟာ ၅၀၀၀ အထက်ရှိခဲ့ပါတယ်လို့ ကာကွယ်ရေးဝန်ကြီး အစ္စမေးလ်ယာကော့ဘ်က ပြောကြားလိုက်ပါတယ်။ သူကတော့ နိုင်ငံတွင်းမှာ ကိုဗစ်-၁၉ ကန့်သတ်ပိတ်ဆို့မှုတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ဦးဆောင်ပါဝင်သူတစ်ဦးဖြစ်ပါတယ်။

## ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးဖြစ်

နောက်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တိုးလာတဲ့အနေအထားဟာ လွန်ခဲ့တဲ့နှစ်က မလေးရှားနိုင်ငံကို ကိုဗစ်-၁၉ စတင်ဝင်ရောက်ခဲ့ချိန်မှစကာ အဆိုးဆုံးဖြစ်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မေ ၂၉ ရက်တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၉၀၂၀ အထိ ရှိခဲ့ပြီး ဇွန် ၂ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် လူပေါင်း ၁၂၉ ဦး သေဆုံးခဲ့တဲ့အတွက်ဖြစ်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ကိုဗစ်-၁၉ အတည်ပြုကူးစက်ဖြစ်ပွားသူအရေအတွက်ဟာလည်း ၈၀၀၀၀ ထိတောင် ကျော်လွန်လာခဲ့ပါတယ်။ ထို့အတူ အထူးကြပ်မတ်ကုသဆောင်မှာ ကုသဖို့လိုအပ်နေသူဦးရေဟာလည်း ၁၀၀၀ ထက်ကျော်လွန်ခဲ့ပါတယ်။

နိုင်ငံတစ်ဝန်းမှာရှိတဲ့ အစိုးရရဲ့ အထူးကြပ်မတ်ကုသဆောင်တွေမှာလည်း ကိုဗစ်-၁၉ ဝေဒနာသည်တွေအတွက် ခုတင်ပြတ်လပ်မှုဟာ ၉၆ ရာခိုင်နှုန်းရှိခဲ့ပြီးတော့ ဇွန် ၆ ရက်မှာတော့ ၁၀၄ ရာခိုင်နှုန်းအထိ တိုးလာခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ပြောပါတယ်။

## လူနာတင် ခုတင်ပြတ်လပ်မှု ၁၀၀ ရာခိုင်နှုန်းထက်ကျော်

အထူးကြပ်မတ်ကုသဆောင်မှာ လူနာတွေကို ကုသပေးနေမှုမှာ ဒီလို ခုတင်ပြတ်လပ်မှုဟာ ကန့်သတ်ချက်တွေ ဖြစ်ပေါ်စေပါတယ်။ အထူးကြပ်မတ်ကုသဆောင်ရဲ့ ခုတင် ပြတ်လပ်မှုဟာ ၁၀၀ ရာခိုင်နှုန်းထက်တောင် ကျော်လွန်နေပါတယ်လို့ သူကပြောကြားလိုက်ပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြင်းထန်မြန်ဆန်လာခြင်းနဲ့ သေဆုံးသူအရေအတွက် မြင့်တက်လာခြင်းက အသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ဆန့်ကျင်ရေးဆိုင်ရာ နည်းလမ်းတွေကိုလည်း လိုက်နာမှုမရှိခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်လို့ သူကဆက်လက်ပြောကြားခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ဇွန် ၁၁ ရက်အထိ ၆၄၆၄၁၁ ဦးရှိခဲ့ပြီး သေဆုံးသူ ၃၇၆၈ ဦးရှိခဲ့ပါတယ်။

## ထိပ်တန်းဦးစားပေးအနေနဲ့ လုပ်ဆောင်သင့်

ကျန်းမာရေး ဒုတိယဝန်ကြီးဟောင်း လီဘွန်ချေးရဲ့အဆိုအရ နိုင်ငံအနေနဲ့ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက်ကို လျှော့ချဖို့ ထိပ်တန်းဦးစားပေးအနေနဲ့ လုပ်ဆောင်သင့်တယ်လို့ ပြောပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိပ်တန်းဦးစားပေးအနေနဲ့ လုပ်ဆောင်လိုက်လို့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက် လျော့ကျသွားမယ်ဆိုရင် ဆေးရုံမှာ လူနာခုတင်ပြတ်လပ်မှုတွေကိုလည်း တစ်ခါတည်း ပြေလည်သွားမှာဖြစ်တယ်လို့ လီက ပြောခဲ့ပါတယ်။

ထို့အပြင် ကိုဗစ်-၁၉ ခြေရာကောက်စနစ်များကို အသုံးပြု၍ ထိရောက်စွာကာကွယ်မှုများ လုပ်ဆောင်ပြီး ကိုဗစ်-၁၉ စစ်ဆေးမှုများကိုလည်း အုံနဲ့ကျင်းနဲ့ လုပ်ဆောင်သင့်တယ်လို့ သူက ဆက်လက်ပြောကြားထားပါတယ်။

## ကာကွယ်ဆေးထိုးခြင်းကို လျင်လျင်မြန်မြန် လုပ်ဆောင်ရမယ်

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မထိန်းချုပ်နိုင်ဖြစ်လာတဲ့အချိန်ကစပြီး နိုင်ငံလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှု လိုအပ်လာပါပြီ။ ဒါကို ကာကွယ်ဆေးထိုးလှုပ်ရှားမှုနဲ့ အတူတွဲလုပ်ဆောင်ရမှာဖြစ်ပါတယ်။ တကယ့်ဦးစားပေးကိစ္စကတော့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို လျင်လျင်မြန်မြန်နဲ့ အင်တိုက်အားတိုက်လုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်လို့ လီက ထပ်မံပြောကြားခဲ့ပါတယ်။

ထောက်ခံအတည်ပြုချက်နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးသစ် အသုံးပြုနိုင်ရေးကိုလည်း မျှော်လင့်ထားရမယ်။ ထို့အပြင် နေ့စဉ်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်တဲ့ အရေအတွက်ကိုလည်း သုံးသိန်းအထက် ကျော်လွန်ရောက်ရှိအောင် စွမ်းဆောင်ရမှာဖြစ်ပါတယ်လို့ လီက ဖြည့်စွက်ပြောကြားခဲ့ပါတယ်။

## ကာကွယ်ဆေး ပိုမိုထိုးပေးရန်လိုအပ်

မလေးရှားနိုင်ငံဟာ သူ့ရဲ့အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ခဲ့တာဖြစ်ပါတယ်။ လာမယ့်နှစ် အစောပိုင်းမတိုင်မီမှာ နိုင်ငံအတွင်းမှာရှိတဲ့ သက်ကြီးလူဦးရေ သန်း ၃၀ ကျော်အနက် အနည်းဆုံး ၈၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ရည်မှန်းချက်ချထားပါတယ်။

ထို့နောက် ကာကွယ်ဆေးထိုးခြင်းတွေကို တဖြည်းဖြည်းနဲ့ စတင်ခဲ့ပြီးနောက်မှာ အင်တိုက်အားတိုက် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ပထမအကြိမ် လူပေါင်း ၂ ဒသမ ၉ သန်းအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီး အဲဒီထဲကမှ လူပေါင်း ၁ ဒသမ ၂ သန်းဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံခံခဲ့ပြီးသူတွေ ဖြစ်ပါတယ်။

နေ့စဉ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသူ အရေအတွက်၁၅၀၀၀၀ ကိုအခုလမှာထိုးပေးနိုင်ခဲ့ပါတယ်။ သိပ္ပံ၊ နည်းပညာနဲ့ တီထွင်ဆန်းသစ်မှု ဝန်ကြီး ခိုင်ရီဂျမာလူဒင်က ဒီထက်ပိုပြီး ကာကွယ်ဆေးထိုးပေးနိုင်ဖို့လိုတယ်လို့ ပြောကြားခဲ့ပါတယ်။

## ကိုဗစ်-၁၉ ကြောင့် တိုင်းပြည်စီးပွားရေး ထိခိုက်

မလေးရှားအစိုးရက အစောပိုင်းက တင်းကျပ်တဲ့ကန့်သတ်ပိတ်ဆို့မှုကို အကောင်အထည်ဖော်ဖို့ သတိမေ့လျော့နေခဲ့ပါတယ်။ ကိုဗစ်-၁၉ ကြောင့် တိုင်းပြည်ရဲ့ စီးပွားရေးကို ထိခိုက်စေခဲ့ပါတယ်။

စီးပွားရေးနာလန်ထူမှုဟာ နောက်ဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုရဲ့ ရိုက်ခတ်မှုကြောင့် အထိနာခဲ့ပါတယ်။

နောက်ဆုံးနိုင်ငံလုံးဆိုင်ရာ ကန့်သတ်ပိတ်ဆို့မှုပြုလုပ်တဲ့အချိန်မတိုင်မီ အစိုးရရဲ့ ဂျီဒီပီဟာလည်း ၆ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာခဲ့ပါတယ်။ သို့သော်လည်း ၂၀၂၁ မှာ မသေချာမှုတွေ၊ ကျရိပ်တွေလွှမ်းနေပါတယ်။

ဇွန်လမှာ ကန့်သတ်ပိတ်ဆို့မှုအကောင်အထည်ဖော်လိုက်ကတည်းက အစိုးရဟာ ရင်းဂစ် ဘီလီယံ ၄၀ တန်ဖိုးရှိ စီးပွားရေးထောက်ပံ့ရေးအစီအစဉ်တစ်ခုကို ကြေညာခဲ့ရပါတယ်။ ထို့အပြင် စီးပွားရေးထိခိုက်မှုနည်းအောင်လည်း အလုပ်သမား ၁ ဒသမ ၅ သန်းကိုလည်း ပုံမှန်လုပ်ငန်းတွေ လည်ပတ်စေခဲ့ပါတယ်။ ဒါဟာ စီးပွားရေးမှာ ကိုဗစ်-၁၉ ရိုက်ခတ်မှုအနည်းဆုံးဖြစ်အောင် မလေးရှားနိုင်ငံအနေနဲ့ တတ်အားသရွေ့ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။

**ကိုးကား - ဆင်ဟွာ**

**ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြင်းထန်မြန်ဆန်လာခြင်းနဲ့ သေဆုံးသူအရေအတွက် မြင့်တက်လာခြင်းက အသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သို့သော်လည်း ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ဆန့်ကျင်ရေးဆိုင်ရာ နည်းလမ်းတွေကိုလည်း လိုက်နာမှုမရှိခဲ့တဲ့အတွက်ကြောင့် ဖြစ်ပါတယ်**

# COVID – 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၂၃ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၃၂၄၈ ဦးရှိ

**(၁၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၈၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၂၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၅၁.၀၅၃) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၁၄၅,၈၂၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၁) ဦး ဖြစ်သဖြင့် ယနေ့ အထိ စုစုပေါင်း (၁၃၂,၉၆၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၄၈) ဦး ရှိပါသည်။


**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၄၃၀) ခု | (၂၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၅) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၂) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၅၁) ခု | (၁၂) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၅၅) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၇) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၀၅) ခု | (၉၇) ဦး |
| စုစုပေါင်း | (၂,၈၁၉) ခု | (၂၂၃) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက်

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




**၁၄ -၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၂၁၁၇၁ | ၂၈၄၀၀၁၃၂ | ၆၁၅၀၅၃ |
| ၂။ | အိန္ဒိယ | ၂၉၅၁၀၄၁၀ | ၂၈၁၆၂၉၄၇ | ၃၇၄၃၀၅ |
| ၃။ | ဘရာဇီး | ၁၇၄၁၃၉၉၆ | ၁၅၇၉၄၅၄၈ | ၄၈၇၄၇၆ |
| ၄။ | ပြင်သစ် | ၅၇၄၀၆၆၅ | ၅၄၉၅၄၇၅ | ၁၁၀၄၂၀ |
| ၅။ | တူရကီ | ၅၃၃၀၄၄၇ | ၅၂၀၂၂၅၁ | ၄၈၇၂၁ |
| ၆။ | ရုရှား | ၅၂၂၂၄၀၈ | ၄၈၀၉၆၄၇ | ၁၂၆၈၀၁ |
| ၇။ | ဗြိတိန် | ၄၅၆၅၈၁၃ | ၄၂၈၇၈၇၀ | ၁၂၇၉၀၄ |
| ၈။ | အီတလီ | ၄၂၄၄၈၇၂ | ၃၉၅၇၅၅၇ | ၁၂၇၀၀၂ |
| ၉။ | အာဂျင်တီးနား | ၄၁၂၄၁၉၀ | ၃၇၂၁၃၅၀ | ၈၅၃၄၃ |
| ၁၀။ | ကိုလံဘီယာ | ၃၇၅၃၂၂၄ | ၃၄၇၇၆၅၆ | ၉၅၇၇၈ |

**အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်**

၁၄ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၁၉၅၄၇ | ၁၇၅၁၂၃၄ | ၅၃၁၁၆ |
| ဖိလစ်ပိုင် | ၁၃၂၂၀၅၃ | ၁၂၄၀၁၁၂ | ၂၂၈၄၅ |
| မလေးရှား | ၆၆၂၄၅၇ | ၅၈၆၈၆၄ | ၃၉၆၈ |
| ထိုင်း | ၁၉၉၂၆၄ | ၁၅၇၉၄၄ | ၁၄၆၆ |
| မြန်မာ | ၁၄၅၈၂၆ | ၁၃၂၉၆၉ | ၃၂၄၈ |
| စင်ကာပူ | ၆၂၃၀၁ | ၆၁၈၆၉ | ၃၄ |
| ကမ္ဘောဒီးယား | ၃၈၉၆၉ | ၃၂၉၆၇ | ၃၄၈ |
| ဗီယက်နမ် | ၁၀၈၁၀ | ၄၂၃၅ | ၅၉ |
| လာအို | ၂၀၁၀ | ၁၈၈၀ | ၃ |
| ဘရူနိုင်း | ၂၄၈ | ၂၃၉ | ၃ |

# ၁၂-၆-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း



ပဲခူးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်များကို မြေပြင်စစ်ဆေးမှုများ ဆောင်ရွက်စဉ်။

*(ယမန်နေ့မှအဆက်)*

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲအမှတ်စဉ် (၆/၂၀၂၁)သို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါကြောင်း။

**ဥပဒေနှင့် ညီညွတ်မှုမရှိ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းပြီး ရှင်းလင်း တင်ပြသွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းတင်ပြမည့် အကြောင်းအရာများအနေဖြင့် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးထုတ်ပြန်ပြီးစီးမှု အခြေအနေ၊ မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးရာတွင် တွေ့ရှိချက်များနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဥပဒေနှင့် ညီညွတ်မှု မရှိသော ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည်များကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များအား စစ်ဆေး၍ တွေ့ရှိချက်များကို ထုတ်ပြန်လျက်ရှိရာတွင် ယခုအခါ ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်အနက် ၃၀၉ မြို့နယ်အတွက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက် စာရင်းချုပ်အရ စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း **၈၇၆၈၆၇၅ (ရှစ်သန်း ခုနစ်သိန်း ခြောက်သောင်း ရှစ်ထောင်ခြောက်ရာ ခုနစ်ဆယ့်ငါး)** ဦးရှိကြောင်း တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ **၂၃ဒသမ၀၅ ရာခိုင်နှုန်း** ဖြစ်ကြောင်း။

ယခုစစ်ဆေးထုတ်ပြန်မှုမှာ မြို့နယ်တစ်ခုချင်းအလိုက် စိစစ်တွေ့ရှိမှုများသာဖြစ်ပြီး အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်များနှင့် တိုက်ဆိုင်စစ်ဆေးမှု(Cross Check) များ ပါဝင်ပါက တပ်မတော်က ထုတ်ပြန်ခဲ့သည့် မဲမသမာမှု ပြုနိုင်/ ဖြစ်နိုင်သည့်အရေအတွက် **၁၀၄၈၂၁၁၆ (ဆယ်သန်းလေးသိန်း ရှစ်သောင်းနှစ်ထောင်တစ်ရာ တစ်ဆယ့်ခြောက်)**ဦး ရာခိုင်နှုန်း **၂၈ ဒသမ ၁၇** ရာခိုင်နှုန်းထက် ပိုမိုများပြားမည် ဖြစ်ကြောင်း။

ထုတ်ပြန်ပြီးမြို့နယ် **၃၀၉** မြို့နယ်၏ မဲဆန္ဒရှင်စာရင်းအပေါ် တပ်မတော်၏ စိစစ်ချက်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ်တွေ့ရှိချက်များကို နှိုင်းယှဉ်ရာတွင်လည်း စိစစ်သည့် အခြေခံ မဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ကော်မရှင်၏ စိစစ်တွေ့ရှိမှုက မှတ်ပုံတင်မရှိဘဲ ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူစုစုပေါင်း **၁၂၀၄၂၃၃ (တစ်သန်းနှစ်သိန်းလေးထောင်နှစ်ရာသုံးဆယ့်သုံး)** ဦး ပိုမိုစိစစ် တွေ့ရှိရပါကြောင်း။

အလားတူ အထက်ပါမြို့နယ် ၃၀၉ မြို့နယ်၏ ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ရာတွင် စစ်ဆေးမှုစာရင်းချုပ်အရ ကွာခြားချက်အနေဖြင့် ပျောက်ဆုံး **၁၄၂၀၇၄၇ (တစ်သန်းလေးသိန်းနှစ်သောင်း ခုနစ်ရာလေးဆယ့်ခုနစ်)**နှင့် အပို **၄၃၅၆၆၉ (လေးသိန်း သုံးသောင်း ငါးထောင် ခြောက်ရာ ခြောက်ဆယ့်ကိုး)** ဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး ၎င်းမဲလက်မှတ်များသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း မရှိဘဲ မဲမသမာမှုများ ဖြစ်ပေါ်စေကြောင်း။

ယခုဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးရာတွင် တွေ့ရှိချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြို့နယ်ပေါင်း ၃၀၉ မြို့နယ်သို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီးနောက် စစ်ဆေးတွေ့ရှိချက်များကို တစ်မြို့နယ်ချင်းအလိုက် လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ချုပ်အနေဖြင့် လည်းကောင်း သတင်းထုတ်ပြန်ပြီးဖြစ်ရာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆(က)အရ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူများသာ ဆန္ဒမဲပေးခွင့်ရှိကြောင်း။

**တရားမဝင်ဆောင်ရွက်မှု**

မဲစာရင်းစိစစ်ချက်များအရ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်ခြင်း၊ ၂ ကြိမ်နှင့် ၃ ကြိမ် အထက်ပါဝင်သူများစွာတွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရကြောင်း၊ မြို့နယ်အသီးသီးရှိ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များလျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို စစ်ဆေးတွေ့ရှိရပြီး မဲရုံများသို့ မဲလက်မှတ်များကို သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ အပိုတွေ့ရှိမှုများနှင့် မဲလက်မှတ် ပျောက်ဆုံးခြင်းများသည် တရားမဝင် ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် Covid-19 ရောဂါဖြစ်ပွားမှုကို အကြောင်းပြု၍ ကြိုတင်မဲပေးသူ ၂၁ ဒသမ ၃၈ ရာခိုင်နှုန်းအထိ ရှိသဖြင့် ယခင်ရွေးကောက်ပွဲများထက် လွန်စွာများပြား၍ ဥပဒေနှင့်မညီသော ကြိုတင်မဲကောက်ခံမှုများကို စိစစ်တွေ့ရှိရကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ လက်ဝယ်တွင် အသုံးပြုပြီး ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်ဆန္ဒမဲလက်မှတ်များတွေ့ရှိရပြီး ကြိုတင်ဆန္ဒမဲကောက်ခံရာတွင်အသုံးပြုသည့် မဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန် မဲလက်မှတ်များကို ဥပဒေနှင့်အညီအပ်နှံရန် ပျက်ကွက်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၆၆(ဓ)နှင့်အညီ မဲရုံမှူးက သက်ဆိုင်ရာ စာရင်းဇယား၊ ပုံစံနှင့် မဲလက်မှတ် လက်ခံဖြတ်ပိုင်း၊ လက်ကျန်များကိုထုပ်ပိုး၊ အပ်နှံခြင်းမပြုဘဲ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း/လက်ကျန် ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးစီးသည့် နောက်ပိုင်းမှသာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ သီးခြားလာရောက်အပ်နှံသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အချို့မဲရုံများ၏ မဲလက်မှတ် လက်ခံဖြတ်ပိုင်းနှင့် လက်ကျန် မဲလက်မှတ်ပါအထုပ်များ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပြီး မြေပြင်ဖွင့်ဖောက်စစ်ဆေးမှု ပြုလုပ်သည့်အချိန်မှသာ သက်ဆိုင်ရာ မဲရုံမှူးတာဝန် ထမ်းဆောင်ခဲ့သူက လာရောက်အပ်နှံသည်ကို စစ်ဆေးတွေ့ရှိရကြောင်း။

သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြခြင်းမရှိဘဲ မဲဆန္ဒရှင် စာရင်းပုံစံ(၁) စာအုပ်များတွင် နောက်တိုးမဲဆန္ဒရှင်များကို လက်ရေးဖြင့်ဖြည့်သွင်း ဆန္ဒမဲပေးခွင့်ပြုထားခြင်း၊ အချို့ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် မူလမဲဆန္ဒရှင်အမည်ကိုပင် မျဉ်းသားပယ်ဖျက်၍ အခြားမဲဆန္ဒရှင်အမည်နှင့် အချက်အလက်များကို ပြင်ဆင်၊ ဖြည့်သွင်း မဲပေးခွင့်ပြုထားခြင်း၊ အသက် ၁၈ နှစ်မပြည့်သူများကို မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခွင့်ပြုခဲ့ခြင်းတို့ကို စိစစ်တွေ့ရှိရကြောင်း။

ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှု မရှိဘဲ မဲပေးသုံးစွဲထားမှုများကို စိစစ်တွေ့ရှိရကြောင်း၊ ပုံစံ (၁) မဲဆန္ဒရှင်စာရင်းစာအုပ်တွင် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က အတည်ပြုလက်မှတ် ရေးထိုးထားမှုမရှိခြင်း၊ ရုံးတံဆိပ် ရိုက်နှိပ်ထားမှုမရှိခြင်း၊ မဲဆန္ဒရှင်များ လက်မှတ်ရေးထိုးခြင်းမရှိဘဲ အမှန်ခြစ်အမှတ်အသားများ ရေးမှတ်၍ မဲလက်မှတ်များ ထုတ်ပေးခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း။

**စောင်ရေအပိုများပါဝင်နေ**

နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်၊ အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ် (Voter Slip)ဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ် မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ရေစကြိုမြို့နယ်အပါအဝင် မြို့နယ်အချို့၏ ဆန္ဒမဲလက်မှတ်များတွင် မိမိမြို့နယ် မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မသက်ဆိုင်သော အခြားမြို့နယ် မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်လောင်းများပါရှိသော ဆန္ဒမဲလက်မှတ်စာအုပ်များ ရောနှောပါရှိခြင်းများကို စိစစ်တွေ့ရှိရကြောင်း၊ မဲလက်မှတ်စာအုပ်တစ်အုပ်လျှင် စောင်ရေ ၅၀ သာ ပါဝင်ရမည်ဖြစ်သော်လည်း မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေခဲ့စဉ်က မဲလက်မှတ်စာအုပ်များတွင် စောင်ရေအပိုများ၊ လျော့နည်းမှုများပါဝင်နေသည်ကို စိစစ်တွေ့ရှိရကြောင်း။

Covid-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှု မရှိသော ညွှန်ကြားချက်များ ထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများကို ဆောင်ရွက်ခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများ ရှိခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း။

*စာမျက်နှာ ၁၇ သို့*

- **ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်အနက် ၃၀၉ မြို့နယ်အတွက် ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက် စာရင်းချုပ်အရ စိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း ၈၇၆၈၆၇၅ (ရှစ်သန်း ခုနစ်သိန်း ခြောက်သောင်း ရှစ်ထောင်ခြောက်ရာ ခုနစ်ဆယ့်ငါး) ဦးရှိကြောင်း တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၂၃ဒသမ၀၅ ရာခိုင်နှုန်းဖြစ်**

*စာမျက်နှာ ၁၆ မှ*

ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း။

မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ်စိစစ်မှု မပြုနိုင်သော မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း။

**ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့**

ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံး များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည်လည်း မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့ကြောင်း။

ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိရသော ဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဆောင်ရွက်ချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့မှာ မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့ကြောင်း၊ မဲဆန္ဒရှင်စာရင်းများမြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း။

ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအုပ်စုအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသား စိစစ်ရေးကတ်ရှိ/မရှိ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက် အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသား စိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရကြောင်း။

**သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်း တစ်ခုမှအပ အခြားမဲဆန္ဒနယ်၏မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ"** ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကိုတွေ့ရှိရကြောင်း၊ **"သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှပယ်ဖျက်ရမည်"** ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း။

**ဥပဒေနှင့်မညီသော မဲပေးမှု**

အသက်၆၀နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့မှ စတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီအောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ကြောင်း။

Covid-19 ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၈ ရက်နေ့နှင့် ညွှန်ကြားချက်ကို အောက်တိုဘာလ ၁၁ ရက်နေ့တို့တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့ကြောင်း၊ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများ ထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားဖြစ်ကြောင်း အတည်မပြုနိုင်သူများကို မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရကြောင်း။

> **ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကိုဖြစ်ပေါ်စေခဲ့**

ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံး များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကိုဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မှုတမှုမရှိကြောင်း။

ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ပြန်လည်ဖွဲ့စည်းရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ၏ အတည်ပြုချက်ဖြင့်လည်းကောင်း၊ ခန့်အပ်လိုသည့် NLD အမာခံများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းခဲ့ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်အဖွဲ့ခွဲကပင် သိရှိခြင်း မရှိဘဲ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က ပေးပို့သည့်အတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ NLD ပါတီလွှတ်တော်ကိုယ်စားလှယ်များက ပါဝင်စွက်ဖက်ခဲ့ကြပြီး ၎င်းတို့လိုလားသူများ မပါရှိပါက ပြင်ဆင်ဖွဲ့စည်းရေး သက်ဆိုင်ရာ ဝန်ကြီးချုပ်များမှတစ်ဆင့် ဖိအားပေး ဆောင်ရွက်ခြင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ သဘောအတိုင်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ခြင်း၊ NLD လွှတ်တော်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် ရွေးချယ်ခန့်ထားသော ရပ်ကွက်/ ကျေးရွာ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်အများစုမှာ NLD ပါတီကို လိုလားထောက်ခံသူများ ဖြစ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်နေရာများတွင် အစားထိုးတာဝန်ပေးအပ်ရာတွင်လည်း NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးချုပ်များ၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်ခြင်းများကို တွေ့ရှိရခြင်းသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိကြောင်း။

ဖော်ပြပါအချက်များနှင့် စပ်လျဉ်းသည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်ခဲ့မှုဖြစ်စဉ် အသေးစိတ်များကို သတင်းထုတ်ပြန်ပြီးလည်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းများ ကောက်ခံခြင်းနှင့် ထပ်တိုးမဲစာရင်းဖြည့်စွက်ခြင်းများတွင်လည်းကောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း အပါအဝင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ဝင်ရောက်စွက်ဖက်ဩဇာလွှမ်းမိုး၍ ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်းသည့်အချက်များကို Power Point Slide များဖြင့် ထုတ်နုတ်တင်ပြလိုကြောင်း။

ယခင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမြင့်နိုင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် NLD လိုလားသူများ မပါရှိသဖြင့် ကော်မရှင်အဖွဲ့ခွဲများ ပြင်ဆင်ဖွဲ့စည်းပေးရန် ဖိအားပေး အကြောင်းကြားစာများ ပေးပို့ထားရှိမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဝင်းသိန်းက တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဝင်းမောင်ကို နေအိမ်တွင် ခေါ်ယူတွေ့ဆုံ၍ မကျေနပ်ကြောင်း ပြောကြားခဲ့ပြီးနောက်တွင် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်ကို ချက်ချင်းပြန်လည် သိမ်းဆည်း၍ ဥက္ကဋ္ဌ ဦးဝင်းမောင် မပါသည့် ကော်မရှင်အဖွဲ့ခွဲကို ပြင်ဆင်ဖွဲ့စည်းမှု ဆောင်ရွက်ခြင်း အပါအဝင် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မဲစာရင်းပြုစုခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် ကြိုတင်မဲပေးခြင်းဆိုင်ရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက် လုပ်ဆောင်ခဲ့ကြောင်း။

ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် NLD ပါတီဗဟိုကော်မတီဝင်များက သဘောမတူဘဲ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်းကို ယခင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း အနေဖြင့် လျှို့ဝှက်အဆင့်ဖြင့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အမည်စာရင်းများ ပေးပို့ခဲ့ပြီး ၎င်းအတိုင်း ဖွဲ့စည်းပေးခဲ့ကြောင်း။

**ဝင်ရောက်စွက်ဖက် ဆောင်ရွက်**

ယခင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဒေါက်တာဇော်မြင့်မောင်က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းရာတွင် လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် လစ်လပ်နေရာများ အစားထိုးခန့်အပ်ရာတွင်လည်းကောင်း၊ မဲဆန္ဒရှင်စာရင်းများ ပြုစုရာတွင် လည်းကောင်း၊ ထပ်တိုး မဲစာရင်းများ ထပ်မံဖြည့်သွင်းရာတွင် လည်းကောင်း၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်များတွင် လည်းကောင်း၊

*စာမျက်နှာ ၁၈ သို့*

**မဲဆန္ဒရှင်စာရင်း စိစစ်မှု နှိုင်းယှဉ်ချက် အခြေပြဇယား**

| စဉ် | မြို့နယ် | တပ်မတော်ထုတ်ပြန်ချက် | | ကော်မရှင် စိစစ်ချက် | | ခြားနားချက် (ကမရ − တမတ) | |
|---|---|---|---|---|---|---|---|
| | | မှတ်ပုံတင်မပါရှိသော မဲမသမာမှုဖြစ်နိုင်သည့် မဲစာရင်း | တစ်ကြိမ်ထက်ပို၍ မဲပေးခွင့်ရစေနိုင်သည့် ထပ်နေသောမဲစာရင်း | နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူများ | နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့်မဲစာရင်းတွင် ၂ ကြိမ်/ ၃ ကြိမ်နှင့်အထက်ပါဝင်နေသူများ | ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုးမရှိဘဲ မဲစာရင်းတွင်ပါဝင်မှု | တစ်ကြိမ်ထက်ပို၍ မဲစာရင်းတွင်ပါဝင်မှု |
| ၁ | ဓမ္မသီရိ | ၂၂၅၇ | ၂၈၀၀ | ၃၀၇၀ | ၃၇၆၂ | ၈၁၃ | ၉၆၂ |
| ၂ | ဒက္ခိဏသီရိ | ၂၅၆၈ | ၁၃၀၀ | ၂၉၇၁ | ၁၂၉၅ | ၄၀၃ | -၅ |
| ၃ | ဇေယျာသီရိ | ၄၇၁၄ | ၁၆၃၀ | ၄၇၂၅ | ၂၄၂၆ | ၁၁ | ၇၉၆ |
| ၄ | ပုဗ္ဗသီရိ | ၇၇၃၃ | ၁၈၁၀ | ၇၇၂၇ | ၄၂၇၄ | -၆ | ၂၄၆၄ |
| ၅ | ဥတ္တရသီရိ | ၇၃၄၉ | ၁၀၅၀ | ၇၅၃၉ | ၂၂၀၅ | ၁၉၀ | ၁၁၅၅ |
| ၆ | တပ်ကုန်း | ၁၇၇၁၂ | ၁၅၄၂၁ | ၂၁၂၃၆ | ၂၉၈၇၆ | ၃၅၂၄ | ၁၄၄၅၅ |
| ၇ | လယ်ဝေး | ၄၂၉၄၃ | ၅၂၅၅ | ၄၂၈၆၃ | ၂၄၂၂၂ | -၈၀ | ၁၈၉၆၇ |
| ၈ | ပျဉ်းမနား | ၁၅၄၇၄ | ၂၉၈၄ | ၁၈၂၀၂ | ၁၅၀၆၂ | ၂၇၂၈ | ၁၂၀၇၈ |
| ၉ | ရမည်းသင်း | ၈၂၄၁ | ၉၆၉၂ | ၁၅၉၆၄ | ၃၂၄၄၃ | ၇၇၂၃ | ၂၂၇၅၁ |
| ၁၀ | ပျော်ဘွယ် | ၂၂၂၉၈ | ၂၁၄၈၁ | ၂၂၂၂၃ | ၂၇၈၈၀ | -၇၅ | ၆၃၈၉ |
| ၁၁ | စစ်ကွေ | ၂၁၇၄၄ | ၁၂၅၅၅ | ၂၁၉၁၄ | ၁၃၄၅၇ | ၁၇၀ | ၉၀၂ |
| ၁၂ | လှိုင်သာယာ(အရှေ့ပိုင်း) | ၇၂၂၀၃ | ၁၄၃၆၈ | ၇၂၂၈၈ | ၁၃၇၅၀ | ၈၅ | -၆၁၈ |
| ၁၃ | တောင်ကြီး | ၂၂၀၃၄ | ၁၆၁၅၆ | ၂၃၃၁၈ | ၃၇၄၁၅ | ၁၂၈၄ | ၂၁၂၅၉ |
| ၁၄ | ဝိုင်းမော် | ၇၃၈၀ | ၈၀၂၆ | ၇၆၀၅ | ၉၆၅၈ | ၂၂၅ | ၁၆၃၂ |
| ၁၅ | မကွေး | ၂၂၈၆၂ | ၃၄၅၅၉ | ၂၃၁၁၂ | ၃၆၄၁၉ | ၂၅၀ | ၁၈၆၀ |
| ၁၆ | လှိုင်ကော် | ၃၄၅၁ | ၁၀၇၉၂ | ၃၃၇၅ | ၁၀၇၅၂ | -၇၆ | -၄၀ |

မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ထုတ်ပြန်ချက်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်စစ်ဆေးတွေ့ရှိမှု နှိုင်းယှဉ်ချက်။

# ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၂/၂၀၂၁) အစည်းအဝေး ကျင်းပ

**ပဲခူး ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဇွန် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (၂/၂၀၂၁) အစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ယခင်နှစ်များစွာက လယ်ယာမြေများအပေါ် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ တရားမဝင် အခြားနည်းအသုံးပြုထားခြင်းများအား စနစ်တကျ စာရင်းဇယားပြုစုထားရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် စိုက်ပျိုးဖြစ်ထွန်းမှုမရှိသော ရေကြီးရေနက်ကွင်းများ၌ စနစ်ကျသော မွေးမြူရေးဇုန်များဖော်ဆောင်ပေးရန် သက်ဆိုင်ရာဌာနဆိုင်ရာများမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့လက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ လယ်မြေအား အခြားနည်း အသုံးပြုခွင့် ခွင့်ပြုပေးမည် မဟုတ်ကြောင်း၊ လယ်ယာမြေများအပေါ် စနစ်တကျ စီမံခန့်ခွဲပေးနိုင်မှသာ စနစ်ကျသော မြို့ပြဖွံ့ဖြိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက လျော်ကြေးငွေပေးချေရမည့် အမှုတွဲများ၊ ပုံစံ(၇)ပျက်စီး/ပျောက်ဆုံးမိတ္တူမှန်ထုတ်ပေးနိုင်ရေး အမှုတွဲများနှင့် လယ်ယာမြေကို အခြားနည်းသုံး လျှောက်ထားလာသည့် အမှုတွဲများအား တင်ပြရာ တက်ရောက်လာသည့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆုံးဖြတ်ပေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ(၁/၂၀၂၁) အစည်းအဝေးကို ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ၊ ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

*စာမျက်နှာ ၁၇ မှ*

ကုမ္ပဏီဝန်ထမ်းများကို ယင်းတို့၏ ရုံးခန်းများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရာတွင် လည်းကောင်း ဝင်ရောက်စွက်ဖက် ဆောင်ရွက်ခဲ့ကြောင်း။

ယခင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဦးညီပုက ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် NLD ပါတီဝင်များနှင့် ယင်းတို့၏ အမာခံလူစာရင်းများကို ဝန်ကြီးချုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးထံ ပေးအပ်ခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင်လည်း သက်ဆိုင်ရာ NLD ပါတီဥက္ကဋ္ဌများက အမည်စာရင်းများ ရွေးချယ်ပေးပို့ခဲ့ကြောင်း။

**ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့**

ယခင်ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်းက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ပြန်လည်ဖွဲ့စည်းရာတွင် အမည်စာရင်းပေးပို့နိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခဲ့ကြောင်း၊ လစ်လပ်မှုရှိပါကလည်း ဝန်ကြီးချုပ်၏ သဘောတူညီချက်ရရှိသူကိုသာ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အစားထိုး အမည်စာရင်းတင်ပြရကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်စွက်ဖက်မှုရှိကြောင်း၊ အထက်ပါ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆ ဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုး မဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့အပြင် မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ် ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ ဝင်ရောက်စွက်ဖက် မလျော်ဩဇာအသုံးပြု၍ မသမာမှုများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများအားလုံးကို Covid-19ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍ လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍ လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင် ကြံစည်ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါစိစစ်ချက်များအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ/နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှုမရှိသည်ကို တွေ့ရှိရပါကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည်များကို ရှင်းလင်းတင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော မဲစာရင်းများနှင့် ဆန္ဒမဲလက်မှတ်များကို စစ်ဆေးထုတ်ပြန်လျက်ရှိရာ ယနေ့အထိ ၃၀၉ မြို့နယ်အတွက် သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသောမြို့နယ် ခြောက်မြို့နယ်အတွက် ဆက်လက် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း။



ပဲခူးတိုင်းဒေသကြီး ဆန္ဒမဲလက်မှတ်များကို မြေပြင်စစ်ဆေးမှုများဆောင်ရွက်စဉ်။

မဲစာရင်းများတွင် တစ်ကြိမ်ထက်ပို၍ အကြိမ်ကြိမ်ပါဝင်နေခြင်းကြောင့် သက်ဆိုင်ရာ မဲဆန္ဒရှင်အနေဖြင့် မြို့နယ်တစ်မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်များတွင် ကြိုတင်ဆန္ဒမဲပေးခြင်းကို တစ်ကြိမ်ထက်ပို၍ ဆောင်ရွက်နိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် တစ်ကြိမ်ဆန္ဒမဲပေးနိုင်ခြင်း၊ မဲစာရင်းပါရှိရာ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများသည် ခရီးမကွာဝေးဘဲ ကပ်လျက်ရှိသည့်အခြေအနေတွင် မဲမသမာမှုပြုလုပ်သူ မဲဆန္ဒရှင်အနေဖြင့် ကြိုတင်ဆန္ဒမဲပေးခြင်းကို တစ်ကြိမ်ထက်ပို၍ ဆောင်ရွက်နိုင်ခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံ၌လက်သန်းမင်မတို့ဘဲ ရှောင်လွှဲကာ အခြားမဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ခြင်းများဆောင်ရွက်နိုင်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းပုံစံ(၁)တွင် လက်မှတ်ရေးထိုးထားသည့် အထောက်အထားများအရ တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးမှုများကို အသေးစိတ် စိစစ်လျက်ရှိကြောင်း။

> ❖ **ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ရသော ချို့ယွင်းအားနည်းချက်များကို စစ်ဆေးသုံးသပ်၍ နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်စနစ်ကျစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ရေး ဆောင်ရွက်ခြင်း၊ အချိုးကျကိုယ်စားပြုစနစ် PR အပါအဝင် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် ရွေးကောက်ပွဲစနစ် အသုံးပြုနိုင်ရေး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြုံတွေ့ရသော ချို့ယွင်းအားနည်းချက်များကို စစ်ဆေးသုံးသပ်၍ နောင်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်စနစ်ကျစွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများကိုပြင်ဆင်ရေးဆောင်ရွက်ခြင်း၊ အချိုးကျကိုယ်စားပြုစနစ် PR အပါအဝင် မြန်မာနိုင်ငံနှင့် သင့်လျော်မည့် ရွေးကောက်ပွဲစနစ် အသုံးပြုနိုင်ရေး ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း။

**PR စနစ် ကျင့်သုံးရေးကိုထောက်ခံ**

ပြီးခဲ့သည့်မေလ ၂၁ ရက်နေ့မှာလည်း နေပြည်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးပြုလုပ်ခဲ့ကြောင်း၊ လက်ရှိနိုင်ငံရေးပါတီ ၉၁ ပါတီအနက် ၅၉ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး PR စနစ် ကျင့်သုံးရေး အပါအဝင် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ရာ ပါတီအများစုက PR စနစ် ကျင့်သုံးရေးကို မူအားဖြင့် ထောက်ခံကြောင်းနှင့် မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ဒီဇိုင်းရွေးချယ်သတ်မှတ်ရေး ဆွေးနွေးခဲ့ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ် ၁ ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် လုပ်ငန်းစဉ်၅ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၆-၂၀၂၂ အင်္ဂါနေ့

### MRTV

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင်အမိမြန်မာပြည်တစ်ခွင်
**၀၈:၃၅** ထီလာပုဂံ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** နိုင်ငံတော်အတွက် အနာဂတ်ရတနာများ
**၁၁:၃၅** ပြည်သူ့နီတိ **'အိဝ်နီးချင်း'**
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ'** (ဇာတ်သိမ်းပိုင်း)
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ရူပဗေဒဘာသာရပ်'**
**၁၆:၃၅** သဘာဝသယံဇာတရဲ့လက်ဆောင်မွှန် မွှန်ပြည်နယ်ရဲ့ကျောက်သင်ပုန်း
**၁၇:၀၅** သွေးလွန်တုပ်ကွေးအန္တရာယ် ဝိုင်းဝန်းကာကွယ်ကြစို့ကွယ်
**၁၇:၄၀** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး **'ကျောက်မျဉ်လုပ်ငန်း'**
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** အနာဂတ်ဝင်ငွေတိုးစေဖို့ မျိုးကောင်းသရက်စိုက်ကြစို့
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားခေါ်ဆောင်ရာ'** (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်'** (အပိုင်း-၆)

### mitv

**07:01** News
**07:27** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:35** Lawka Nandar Wildlife Sanctuary And Its Rare Star Tortoises
**08:01** ASEAN Women Entrepreneurship: Singapore
**08:13** Secret Recipes by Gourmet Chefs (French)
**09:29** Products of Myanmar - Kachin Traditional Knife
**09:41** Dances of Myanmar "Gaybar Kayin Traditional Dance"
**09:45** Myanmar Masterclass
**10:12** Weaving Craft for a Living
**10:25** The World of Maha Gita
**11:01** A Bike Ride in pursuit of Mural Art (Episode-2)
**11:19** Finding Ways for Coexistence between People and Elephants
**11:33** Discovering Tribes: Enn (Their Life and Customs)

### MRTV NK

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဗိုင်ဝါးစကားပြောကြရအောင်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားပက်ရှင်ရှိုး

**ဝကေကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်တဲ့ငွေနှင်းမှို

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရှိုင်းဆန်တဲ့အလှငင်္ဂါရန်ကျိ (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်ရေးမယ်ဒို့ချင်းစာ(အပိုင်း-၁၇)

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ရှင်သန်နေသောဘဝများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
သွားလည်ကြမယ်ဇင်းကျိုက်ရေတံခွန်ဆီ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(သဟဇာတ)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေး

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
တန့်ယန်းမြို့အလှ

### MRTV Sports

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

**MRTV Farmers' Channel**
MRTV Farmers' Channel ကို
နေ့စဉ် နံနက် (၆:၀၀)နာရီမှ
ည (၁၀:၀၀)နာရီထိ၊
**Education Channel**
ကို
စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်
များမှအပ နံနက် (၁၀:၀၀)နာရီမှ
ညနေ(၆:၀၀)နာရီထိ
ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
**နံ့သာမြေ ဂျာနယ်**
**ထွက်ရှိ**

၁၅-၆-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၁၂)တွင်
- ဓာတ်မြေဩဇာ တစ္ဆေခြောက်လှန့်ခံရခြင်း(သို့မဟုတ်) အောင်ဂင်းနစ် တစ်ယူသန်စွဲလမ်းခြင်း
- လယ်ယာမြေ မျက်နှာပြင်ညီအောင်ညှိခြင်းအကျိုးများ
- မွေးမြူရေးအစာအစားထိုး နေဗီယာမြက်စိုက်ပျိုးခြင်း
- အပူပိုင်းဒေသ နို့စားနွားများမွေးမြူခြင်းနှင့် အစာကျွေးခြင်း
- ငါးများတွင်ပါဝင်သော ဟစ်တမင်းကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်
- တွင်ကျယ်လာသော အော်တာနေးတစ် ဆေးကုထုံးများနှင့် မြန်မာ့နနွင်းမိတ်ဆက်
- အစားအစာနှင့် ကျန်းမာရေး အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။



**တစ်စောင် (၂၀၀) ကျပ်**
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၆ - ၂၀၂၂

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၁၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၅၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၁၀၀ | ၇၂၂ | ၆၅၇၂၄၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၃၄ | ၁၂၂၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁ | ၂၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄ | ၁၁၂၀၀ |
| EFR | ၃၂၀၀ | ၃၂၅၀ | ၂၅၈ | ၈၃၂၉၅၀ |
| AHP | ၄၆၀၀ | ၅၀၀၀ | ၁၈၇ | ၉၁၃၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများတွေ့ဆုံ

**ဟိုပန် ဇွန် ၁၄**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများသည် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ စီမံအုပ်ချုပ်ရေးခန်းမတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ဒေသဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများသို့ ဆိုလာမီးလင်းပစ္စည်းနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ငွေကျပ် ၁၀ သိန်းစီကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်ရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူကြောင်း သိရသည်။




ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သံလွင်မြစ်ကူး (ကွမ်းလုံ) တံတားသစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်ခန်းမ၌ တည် ဆောက်ရေးအဖွဲ့(၁) တံတား အထူးအဖွဲ့(၄)မှ တာဝန်ရှိသူ တစ်ဦးက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# သီပေါမြို့၌ စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**သီပေါ ဇွန် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ၂၀၂၁ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၁၃ ရက်က နောက်ဆုံးနေ့အဖြစ် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ သံဃာတော်အရှင်သူမြတ်များနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၆၃ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။

ဆက်လက်၍ ယမန်နှစ်က ပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော သံဃာတော်နှင့် သီလရှင် ၉၇ ပါး တို့၏ ဘွဲ့တော်များကို မြို့နယ် ဥပတ္ထမ္ဘက ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက တင်ပြလျှောက်ထားပြီး စူဠဘွဲ့နှင်းသဘင်အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ မြို့နယ် သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေး၊ မြို့နယ်ဥပတ္ထမ္ဘက အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်ပါးချင်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ရေလည်ရပ်တွင် ရေစီးရေလာကောင်းမွန်ရေး အုတ်ရေမြောင်း ပြုလုပ်

**တံတားဦး ဇွန် ၁၄**

ကျောက်ဆည်ခရိုင် တံတားဦးမြို့၌ အုတ်ရေမြောင်း ပြုလုပ်ခြင်းကို တံတားဦးမြို့ အမှတ်(၂)ရပ်ကွက် ရေလည်ရပ်တွင် မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်စေရန် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က အုတ်ရေမြောင်း ပြုလုပ်လျက်ရှိသည်။

အဆိုပါ အုတ်ရေမြောင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေကျပ်သန်း ၅ ဒသမ ၅၆၀ ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ပမာဏ၏ ရာနှုန်းပြည့်ပြီးစီးကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်ထံမှ သိရသည်။

အုတ်ရေမြောင်း ဆောင်ရွက်နေမှုများကို စံချိန်စံညွှန်းနှင့်ပြည့်မီရေး၊ သတ်မှတ်ကာလတွင် ပြီးစီးရေး၊ ရေရှည်တည်တံ့ရေး တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည် ။

**ရဲတင့်(တံတားဦး)**

# ကြံခင်း-ဟင်္သာတ ၁၈၉ အဆန်နှင့် ၁၉၀ အစုန် လော်ကယ်ရထားပြန်လည်ပြေးဆွဲမည်

**ကြံခင်း ဇွန် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ ဇွန် ၁၃ ရက်မှစတင်ပြီး ကြံခင်း-ဟင်္သာတတွင် ၁၈၉ အဆန်နှင့် ၁၉၀ အစုန်လော်ကယ် ရထားပြန်လည်ပြေးဆွဲမည် ဖြစ်ကြောင်း သိရသည်။

ကြံခင်းမြို့၌ ဖေဖော်ဝါရီ ၉ ရက်တွင် အမှတ်(၉)တိုင်းနယ်မြေ အတွင်းမှ ရထားအားလုံး ပြေးဆွဲမှု ရပ်ထားရာမှ ခရီးသွားပြည်သူများနှင့် ကုန်သွယ်စီးဆင်းမှု အဆင်ပြေစေရန် အမှတ် ၁၈၉ အဆန်နှင့် ၁၉၀ အစုန် လော်ကယ်ရထားကို ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လော်ကယ်ရထားတွင် လူစီးတွဲကြီး နှစ်တွဲ၊ လူစီးတွဲလေး တစ်တွဲ၊ ပါဆယ်တွဲ တစ်တွဲနှင့် ဘရိတ်တွဲ တစ်တွဲ ချိတ်ဆွဲ ပြေးဆွဲမည်ဖြစ်ကြောင်း နှင့် ၁၈၉ အဆန် လော်ကယ် ရထားသည် ဟင်္သာတမြို့မှ နံနက် ၆ နာရီတွင် စတင် ထွက်ခွာမည်ဖြစ်ပြီး ကြံခင်းမြို့သို့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ အလားတူ ၁၉၀ အစုန်လော်ကယ် ရထားသည်လည်း ကြံခင်းမြို့မှ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ဟင်္သာတမြို့သို့ ညနေ ၅ နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း ကြံခင်းမြို့ မီးရထားရုံပိုင်ကြီး ဦးမောင်မောင်ဦးထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဝန်းသိုမြို့နယ်တွင် စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အကြောင်း အသိပညာပေး

**ဝန်းသို ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးရွာလူထုအခြေပြု စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်အကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယမန်နေ့က မော်နိုင်းအုပ်စု ရွာသာကျေးရွာ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် မြို့နယ် လ.ဝ.က ဦးစီးဌာနမှူး ဦးသန်းနိုင်နှင့် ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မျိုးတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သော ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်းအကြောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကို တန်ဖိုးထားစေရန်၊ အမှိုက်စီမံခန့်ခွဲမှုစနစ်နှင့် ပတ်သက်၍ အမှိုက်၏ အဓိပ္ပာယ်၊ အမှိုက် အမျိုးအစား၊ အမှိုက်များကို 3-R စနစ်( Reduce, Reused, Recycle ) ဖြင့် စီမံခန့်ခွဲခြင်းအကြောင်း၊ အမှိုက်၏ ဆိုးကျိုးများ၊ အမှိုက်စွန့်ပစ်ပုံများအကြောင်း အသိပညာပေးဟောပြော ဆွေးနွေးသည်။

**မွေးကြူဇင်**



# ကျေးသီးမြို့နယ်၌ နေရပ်စွန့်ခွာ ပြည်သူများအတွက် လှူသုံးကုန်ပစ္စည်းများ လှူဒါန်း

**ကျေးသီး ဇွန် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီးမြို့နယ်အတွင်းရှိ ဟော်ခမ်းဘုန်းတော်ကြီးကျောင်း၊ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ (၂) မိုင်ဘုန်းတော်ကြီးကျောင်း၊ နောင်ဆွမ်းဘုန်းတော်ကြီးကျောင်းနှင့် နောင်ဝိုးဘုန်းတော်ကြီးကျောင်းများ၌ ဇွန် ၁ ရက်မှစ၍ ခေတ္တခိုလှုံနေသည့် နေရပ်စွန့်ခွာပြည်သူများအတွက် အခြေခံစားသောက်ကုန်များ၊ အဝတ်အထည်နှင့် လှူသုံးကုန်ပစ္စည်းများကို ယမန်နေ့က မြို့ဦးဘုန်းတော်ကြီးကျောင်း၌ လာရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် လဲချားမြို့နယ်မှ စေတနာရှင်ပြည်သူများ၊ သီပေါမြို့နယ်နှင့် မူဆယ်မြို့နယ်မှ စေတနာရှင်ပြည်သူများ၊ ကျေးသီးမြို့နယ် ပန်လော့ကျေးရွာမှ စေတနာရှင် ရွာသူ/ရွာသားများက မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများအတွက် လှူဒါန်းရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးထက်နှင့် မြို့နယ်နေရပ်စွန့်ခွာစခန်းကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်တို့က လက်ခံယူပြီး နေရပ်စွန့်ခွာပြည်သူများအတွက် စားဝတ်နေရေး တာဝန်ယူ ဆောင်ရွက်ပေးနေသည့် တာဝန်ရှိသူထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မောက်မယ်မြို့နယ်၌ ပညာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**မောက်မယ် ဇွန် ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယမန်နေ့က မောက်မယ်မြို့နယ် မွေတော်ရပ်ကွက်ရှိ နမ့်ယွန်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို မောက်မယ်မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများတို့အား သူနာပြုများက အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက် ထိုးနှံပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အကြမ်းဖက်သမားများအား ထောက်ပံ့မည့် အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

ကယားပြည်နယ် လွိုင်ကော်မြို့ နောင်ယား (က) ရပ်ကွက် အဝေးပြေးမော်တော်ယာဉ် ရပ်နားစခန်းရှိ သိန်းသန်းကုဋ္ဌေ ကားဂိတ်၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီခန့်တွင် အကြမ်းဖက်သမားများအား ထောက်ပံ့မည့် အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများအား ဖမ်းဆီးရမိကြောင်း သိရသည်။



လွိုင်ကော်မြို့ သိန်းသန်းကုဋ္ဌေ ယာဉ်လိုင်းဂိတ်တွင် ဖမ်းဆီးရမိသည့် တရားခံများနှင့် ပစ္စည်းများ။

**နည်းမျိုးစုံဖြင့်ရယူ**

ဖြစ်စဉ်မှာ သိန်းသန်းကုဋ္ဌေကားဂိတ်၌ “သီရိမေစတိုး” အမည်ဖြင့် မသင်္ကာဖွယ် အသုံးအဆောင်ပစ္စည်းများ ရန်ကုန်မြို့မှ ပေးပို့ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စောင့်ဆိုင်းခဲ့ကြောင်း၊ ထိုသို့စောင့်ဆိုင်းနေစဉ် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာနေ သက်မှူးအောင် (၂၂) နှစ် (ဘ) ဦးကျော်ကျော်စိုး မောင်းနှင်ပြီး လွိုင်ကော်မြို့နယ် ပီကင်းကောခူကျေးရွာနေ ကလဲမင်းမင်းဦး (ဘ) ဦးမောင်လေး လိုက်ပါလာသည့် Hijet အမျိုးအစား(အဖြူရောင်) ယာဉ်ရောက်ရှိလာပြီး ပစ္စည်းများကို တင်ဆောင်နေစဉ် စစ်ဆေးခဲ့ရာ အဝတ်အထည် (အဟောင်း) ၃၂ ဖာနှင့် အိတ်အသေး နှစ်အိတ်၊ ဖိနပ်ဆိုက်စုံ တစ်ဖာ၊ ဆေးမျိုးစုံ ခုနစ်ဖာ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ ခြောက်ဖာ၊ အခြားအသုံးအဆောင်ပစ္စည်း လေးအိတ်နှင့် အထုပ်နှစ်ထုပ်တို့အား တွေ့ရှိရမိခဲ့ကြောင်း၊ အသေးစိတ်စစ်ဆေးရာ အကြမ်းဖက်သူများထံ ထောက်ပံ့မည့် ပစ္စည်းများဖြစ်ပြီး အလှူငွေကောက်ခံရာမှ ရရှိသည့်ငွေဖြင့် Hijet အမျိုးအစား မော်တော်ယာဉ်အား ဝယ်ယူ၍ ယခုကဲ့သို့ လာရောက်ယူဆောင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေဖြင့်လည်း အခြားကူညီထောက်ပံ့မှုများကို နည်းမျိုးစုံဖြင့် ရယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**သတင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိ**

အထက်ပါ အကြမ်းဖက်သောင်းကျန်းသူများအား ထောက်ပံ့မည့်ပစ္စည်းများ လာရောက်ယူဆောင်သူများအား ဥပဒေအရ အရေးယူနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိုကဲ့သို့အဖွဲ့အစည်းအသီးသီးမှ အထောက်အပံ့ရယူမှုများကို သတင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





လွိုင်ကော်မြို့ သိန်းသန်းကုဋ္ဌေ ယာဉ်လိုင်းဂိတ်တွင် ဖမ်းဆီးရမိသည့် ပစ္စည်းများ။

# ဇန်းမောက်မြို့နယ်တွင် မဲဇာချောင်းကို ဖြတ်ကူးသည့် ကားလမ်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန် ဒေသခံများ မျှော်လင့်

**ဗန်းမောက် ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာနှင့် တုံးလှော်ကျေးရွာကြားရှိ မဲဇာချောင်းတွင် ကျေးရွာချင်းဆက် ကားလမ်းကူးတံတားတစ်စင်းတည်ဆောက်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။



တုံးလှော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှမြင့်က “တုံးလှော်ကျေးရွာနဲ့ ကိုင်းကြီးကျေးရွာကြားမှာရှိတဲ့ မဲဇာချောင်းကို ဖြတ်သန်းသွားလာဖို့ရာ ကားကူးတံတားတစ်စင်းတော့ လိုနေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပွင့်လင်းရာသီဖြစ်တဲ့ ဆောင်းရာသီကာလနဲ့ နွေရာသီကာလမှာတော့ ညောင်ချည်ထောက်ဘက်ကို မောင်းနှင်သွားလာလို့ရပေမယ့် မိုးရာသီဆိုရင် ညောင်ချည်ထောက်ဘက်လည်း ကားတွေ၊ ထော်လာဂျီတွေက မောင်းနှင်သွားရတာ အတော်လေး အခက်အခဲရှိပါတယ်။ အလှမ်းဝေးတော့ ချောက်တွေ၊ လျှိုတွေ ဖြတ်သန်းသွားလာရတာ အတော်လေးများပါတယ်။ လျှိုတွေများတော့ မိုးရွာတဲ့ အခါမှာ ချောက်ရေတွေ ထွက်လာပြီဆိုရင် ကားတွေ၊ မောင်းနှင်သွားလာရတာ အခက်အခဲအတော်လေး ဖြစ်ကြပါတယ်”ဟု ပြောသည်။

အဆိုပါ မဲဇာချောင်းသည် ယခုအခါ မိုးမကျမီကာလများတွင် ချောင်းရိုးအတွင်း၌ ကားများ၊ ကျွဲလှည်းများ၊ နွားလှည်းများ၊ သုံးဘီးများ ထော်လာဂျီများ မောင်းနှင်သွားလာ၍ ရသော်လည်း ကားလမ်းကူး နေရာများတွင် တရားမဝင် ရွှေတူးဖော်နေကြသူများက ရွှေတူးရွှေရှာလျက်ရှိနေကြသောကြောင့် ယခုဇွန်လဆန်းရက်ပိုင်းများမှစကာ ကားများ၊ သုံးဘီးများ မောင်းနှင်သွားလာ၍မရတော့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ကိုင်းကြီးရွာနေထိုင်သူ ဦးတင်ညိုက “အခုကတော့ မဲဇာချောင်းကားလမ်းကူးတည့်တည့်မှာ ဘက်ဟိုးတွေနဲ့ တူးဖော်ပြီး ရွှေတူးနေကြတော့ အခုပွင့်လင်းရာသီလည်း ကိုင်းကြီးနဲ့ တုံးလှော်ကြားက မဲဇာချောင်းကို ဖြတ်သန်းသွားလာနေတဲ့ လမ်းဖြစ်တဲ့ ချောင်းကူးလမ်းလည်း ချိုင့်ခွက်တွေဖြစ်ပြီး ပျက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနေရာက မဲဇာချောင်းကူး ရွာချင်းဆက် ကားလမ်းကူးတံတား လိုအပ်နေပါတယ်”ဟု ပြောသည်။

ဗန်းမောက်မြို့နယ် တုံးလှော်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာကြားတွင်ကျေးရွာချင်းဆက် လူကူးကြိုးတံတားတစ်စင်းရှိသည့်အတွက်ကြောင့် ခရီးသွားပြည်သူများက သွားလာသည့်အခါ လွယ်ကူမှုများရှိကြသော်လည်း ကားလမ်းကူးတံတားမရှိသောကြောင့် ကုန်စည်ပစ္စည်းများကို ကားများ၊ ထော်လာဂျီများ၊ သုံးဘီးများဖြင့် ဗန်းမောက်သို့ လာဝယ်ယူရသည့်အခါ မိုးရာသီကာလများတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများရှိကြောင်း သိရသည်။

ထို့ကြောင့် ကျေးရွာချင်းဆက် ကားလမ်းကူးတံတားတစ်စင်း တည်ဆောက်ထားမည်ဆိုပါက ထိုဒေသရှိ ကျေးရွာများသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးများ၌ လွယ်ကူချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

# မိုးဖြိုင်ဖြိုင် ရေစိုစို မြေစိုစိုမှာ သစ်ပင်ရှင်အောင် စိုက်ကြစို့ ...

— — — ရွှေယွန်း — — —

"မေမေ ပိုးစုန်းကြူးက မီးလင်းတယ်ဆို၊ သားကြည့်ချင်တယ်"ဟု သားက ဆိုလေသည်။ "သားက ပိုးစုန်းကြူးကို ဘယ်လိုသိလာသလဲ" မေးတော့ သူငယ်ချင်းက ပြော၍သိသည်ဟု ဆိုပါသည်။ "သား သူငယ်ချင်းက မြင်ဖူးတယ်ပေါ့"ဟူသော ကျွန်မ၏ ထပ်ဆင့်မေးခွန်းကို "သူ့ ဘွားဘွား ပြောပြတာ"ဟု သားက ခပ်မြန်မြန် ပြန်ဖြေပါသည်။ သားက ပိုးစုန်းကြူးအကြောင်းသာသိရန် စိတ်စောနေသည့်ပုံ။

ကျွန်မသိသမျှ ပိုးစုန်းကြူးအကြောင်း သားကို ပြောပြရသည်။ ကျွန်မတို့ ငယ်ဘဝက ပိုးစုန်းကြူးလေးများကို ပြေးလွှားလိုက်ဖမ်းရင်း ကစားခဲ့ကြသည်ကိုလည်း သတိတရ ဆိုမိသည်။ "ပိုးစုန်းကြူးကို မြင်ဖူးချင်တယ်" ဟု သားက ဆိုပြန်သည့်အခါ မြို့ပြဆန်နေပြီဖြစ်သည့် ကျွန်မတို့ မြို့လေးမှာ ပိုးစုန်းကြူး မတွေ့သည်မှာ ကြာခဲ့ပြီ။

ကျွန်မတို့ ငယ်ဘဝကရှိခဲ့သည့် တောရိပ် တောင်ရိပ် ပတ်ဝန်းကျင်နေရာများတွင် မြို့ကွက်သစ်က အစားထိုးနေရာယူခဲ့ပြီး လူနေထူထပ်နေပြီဖြစ်သည့်အတွက် ပိုးစုန်းကြူးလေးများကို မတွေ့နိုင်တော့ပေ။ လူမှုဝန်းကျင်၏ ပြောင်းလဲတိုးတက်မှုများကြားတွင် ပိုးစုန်းကြူးလေးများကို တခုတ်တရ မရှိတော့ပေ။ ပိုးစုန်းကြူးများ မတွေ့ရတော့ခြင်းသည် ပတ်ဝန်းကျင် ပြောင်းလဲလာမှုကြောင့် ဖြစ်သော်လည်း ဂရုမပြုနိုင်ကြတော့ပေ။ ထို့အတူ သဘာဝဝန်းကျင် ယိုယွင်းလာမှုကြောင့် ကမ္ဘာပူနွေးလာမှု၊ နှစ်စဉ် အပူချိန် မြင့်တက်လာမှု၊ ရေခဲတောင်များ အရည်ပျော်လာမှု၊ တောရိုင်းတိရစ္ဆာန်များ ရှားပါးလာမှု စသည့်ကိစ္စရပ်များကို ကြားသိနေရသော်လည်း လူနေမှုဘဝနှင့် ထိစပ်နေသလို မခံစားမိခဲ့။

ထိုသို့ မခံစားမိသည့်အတွက် ၅ နှစ်အရွယ် သားလေး၏ ပိုးစုန်းကြူး တွေ့ချင်သည့် စိတ်ဆန္ဒမှာ ခဏနေ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမည်ဟုသာ ထင်မိခဲ့သည်။ အလုပ်အားလပ်သည့်အခါမှ youtube က ရှာပြမည်ဟုသာ တွေးတောခဲ့သည်။ ထို့ကြောင့် ပိုးစုန်းကြူး မြင်ဖူးချင်လျှင် ပတ်ဝန်းကျင်မှာ သစ်ပင်များများစိုက်၊ သစ်ပင်တွေ အများကြီးရှိနေသည့်နေရာတွင် ပိုးစုန်းကြူးက ပျော်သည်ဟု သားကို လွယ်လွယ်ကူကူ ဆိုခဲ့မိပါသည်။

နောက်တစ်နေ့ နံနက်တွင် သားလေး၏ အပြုအမူကြောင့် ခပ်ပေါ့ပေါ့ဆိုခဲ့မိသည်မှာ မှားခဲ့သည်။ အိမ်ရှေ့ရှိ ပန်းအိုးကလေးများတွင် နေကြာစေ့လှော်များကို ထိုးစိုက်ရင်း ပိုးစုန်းကြူးလေးများ နေထိုင်ရန် သစ်ပင်စိုက်နေသည်ဟု သားက ဆိုပါသည်။ မြို့ပြလူနေမှုစနစ်ထဲတွင် ကျွန်မနှင့်သား၏ ဖခင်တို့မှာ ရုန်းကန်ရှင်သန်နေရသည့်အတွက် သားကိုပါ သဘာဝပတ်ဝန်းကျင်နှင့် ဝေးကွာနေစေခဲ့သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အပူချိန်မြင့်မားလာမှုကို လေအေးပေးစက်ဖြင့် ဖြေဖျောက်ရန်သာ သင်ကြားပေးခဲ့ပြီး သဘာဝလေ၏ သန့်ရှင်းမှု အေးမြမှုကို မခံစားစေခဲ့ပေ။

## အသိတစ်ခုကို သားက လှုပ်နှိုးပေးခဲ့

စားဝတ်နေရေးအတွက် အချိန်ပေးရင်း မေ့လျော့နေခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် အသိတစ်ခုကို သားက လှုပ်နှိုးပေးခဲ့သည်။ ထိုအသိကို သားထံသို့လည်း လက်ဆင့်ကမ်းရမည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို သိရှိလေ့လာလိုသည့်၊ နှစ်သက်ခံစားလိုသည့် ကလေးငယ်တစ်ဦး၏ ဆန္ဒကို ပြုစုပျိုးထောင်ပေးရမည်ကို သတိပြုမိခဲ့သည်။ သစ်တောသစ်ပင်များကို ချစ်ခင်တတ်သူ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သူ တစ်ဦး ဖြစ်လာစေရန်အတွက် သင်ကြားပေးရမည်သာ။

**စိုက်ပျိုးပြီး ရှင်သန်အောင် ဆက်လက်စောင့်ရှောက်ရပေမည်။ စိုက်သည့် သစ်ပင်တိုင်း ရှင်သန်ရေးလုပ်ရှားမှုများလည်း နိုင်ငံအတွင်းရှိလာသည်။ ထိုလှုပ်ရှားမှုများကိုလည်း အားပေးရမည်ဖြစ်သည်။ စိုက်သည့် သစ်ပင်သည် တာဝန်အရ စိုက်လိုက်ခြင်းမဖြစ်သင့်ဘဲ ဥယျာဉ်မှူး၏စေတနာကို ပေါ်လွင်စေရမည် ဖြစ်သည်။ သို့မှသာ ကမ္ဘာမြေပေါ်တွင် ရှင်သန်နေမည့် သစ်ပင်များ ဖြစ်လာမည်ဖြစ်သည်။ သစ်ပင်များကို ရှင်အောင် စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်းရမည်ဟု ဆိုကြသည်**

**ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြင့်တက်လာသည့် အပူချိန်ကို မိသားစုတစ်စုစီ လေအေးပေးစက်ဖြင့် ခုခံမည့်အစား ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ ဂေဟစနစ်အားလုံးအတွက် မျှော်မှန်းပြီး ကုစားဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့အတွက် သစ်ပင်စိုက်ကြရမည်ဖြစ်သည်။**

## သစ်တော သစ်ပင်များကို ထိန်းသိမ်းရမည်

မည်သည့်အတွက်ကြောင့်ဆိုလျှင် ဥတုရာသီသည် တောကို မှီသောကြောင့်ပင်။ ရာသီဥတုကောင်းမွန်ခြင်းသည် သစ်တော သစ်ပင်များအပေါ်တွင် များစွာမူတည်နေသည်။ သစ်တောသစ်ပင်ကောင်းမှ မိုးရွာမည်၊ မိုးရွာမှ အပင်၊ တိရစ္ဆာန်နှင့် ဇီဝမျိုးစုံ ဖြစ်ထွန်းမည်။ တစ်ခုနှင့် တစ်ခုမှီတည်နေသည့် ဂေဟစနစ်အတွက် သစ်တော သစ်ပင်များကို ထိန်းသိမ်းရမည်ဖြစ်သည်။

ကျွန်မတို့ နိုင်ငံတွင်လည်း မိုးဖြိုင်ဖြိုင်ကျသည်နှင့်၊ မိုးရာသီရောက်သည်နှင့် ရပ်ကွက်အလိုက်၊ မြို့ရွာအလိုက်၊ ဌာနအလိုက်၊ အဖွဲ့အစည်းအလိုက် သစ်ပင်စိုက်ကြသည့် အလေ့မှာ စွဲမြဲနေပြီဖြစ်သည်။ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲဟု ခေါ်ဆိုသုံးနှုန်းကြပြီး နိုင်ငံတော် အကြီးအကဲမှ သာမန်ပြည်သူအထိ တပျော်တပါး သစ်ပင်စိုက်ပျိုးကြသည်။ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ချက်ပင်။ ရာသီဥတု သမမျှတရေးအတွက်ပင်။

နှစ်စဉ်နှစ်တိုင်း မိုးရာသီရောက်သည်နှင့် နိုင်ငံတစ်ဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ တမာ၊ မဲဇလီစသည့် အပင်များကို အဓိက စိုက်ပျိုးကြသည်။ စားပင်သီးပင်၊ အရိပ်ရပင်၊ ပန်းအလှပင်၊ လေကာတန်းပင်၊ ရတနာတန်းဝင် အဖိုးတန် သစ်တောသစ်ပင်စသည်ဖြင့် အမျိုးမျိုးသောသစ်ပင်များကို စိုက်ပျိုးကြသည်။ မည်သည့် အပင်စိုက်သည်ဖြစ်စေ သစ်ပင်စိုက်ပျိုးခြင်းသည် ကောင်းမွန်သော အလေ့အထဖြစ်သည်။ မိုးရာသီ မြေဆီစိုခိုက်တွင် သဘာဝပတ်ဝန်းကျင်စိမ်းစိုအောင် အားထည့်စိုက်ပျိုးသည့် သဘောလည်း ဖြစ်သည်။

## ရွေးချယ်စိုက်ပျိုးကြရမည်

မြေဆီစိုချိန်တွင် ပျိုးပင် သိမ်းနှင့် ချီ၍ စိုက်ပျိုးကြသည်။ သစ်ပင်စိုက်သည့်အခါ စိုက်ပျိုးမည့်နေရာဒေသနှင့် ကိုက်ညီမည့် သစ်ပင်မျိုး၊ ရေ၊ မြေ အနေအထားတို့ကို ပညာရှင်များ၏ အကြံပြုချက်ဖြင့် ရွေးချယ်သင့်သည်။ သစ်ပင်စိုက်ပျိုးသည့် နေရာဒေသ၏ ရာသီဥတု၊ မိုးရေချိန်၊ မိုးရွာသွန်းမှုပုံစံ၊ မြေဆီလွှာ အခြေအနေနှင့် စိုက်ပျိုးမည့် သစ်မျိုးတို့အပေါ်မူတည်ပြီး စိုက်ပျိုးနည်း စနစ်တို့ကို ရွေးချယ်စိုက်ပျိုးကြရမည်။

ထို့အတူ **စိုက်ပျိုးပြီး ရှင်သန်အောင် ဆက်လက်စောင့်ရှောက်ရပေမည်။ စိုက်သည့် သစ်ပင်တိုင်း ရှင်သန်ရေးလှုပ်ရှားမှုများလည်း နိုင်ငံအတွင်း ရှိလာသည်။ ထိုလှုပ်ရှားမှုများကိုလည်း အားပေးရမည်ဖြစ်သည်။ စိုက်သည့် သစ်ပင်သည် တာဝန်အရ စိုက်လိုက်ခြင်း မဖြစ်သင့်ဘဲ ဥယျာဉ်မှူး၏ စေတနာကို ပေါ်လွင်စေရမည်ဖြစ်သည်။ သို့မှသာ ကမ္ဘာမြေပေါ်တွင် ရှင်သန်နေမည့် သစ်ပင်များ ဖြစ်လာမည်ဖြစ်သည်။ သစ်ပင်များကို ရှင်အောင် စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင် ထိန်းသိမ်းရမည်ဟု ဆိုကြသည်။**

## ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိ

မိုးရာသီ သစ်ပင်စိုက်ပျိုးကြလျှင် သစ်တောဦးစီးဌာန၏ ပြည်သူနှင့်အတူ ပါဝင်ဆောင်ရွက်မှုများကိုလည်း မေ့ထား၍မရ။ သစ်ပင်စိုက်ပွဲတော်များ ကျင်းပသည့် မိုးလရာသီရောက်တိုင်း သစ်တောဦးစီးဌာနက ပြည်သူများထံ ပျိုးပင်များ အခမဲ့ဖြန့်ဝေ ပေးလျက်ရှိသည်။ သစ်တောဦးစီးဌာနအနေဖြင့် ပြည်သူများ သစ်ပင်သစ်တော ချစ်ခင်စိတ်တိုးပွားလာစေရေး၊ သစ်တောသစ်ပင် ထိန်းသိမ်းရေး အသိစိတ်ဓာတ်များ ပိုမိုမြင့်မားလာစေရေးနှင့် သစ်တောများမှ ထောက်ပံ့ပေးသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်လာစေရေးတို့အတွက် မိုးလရာသီသစ်ပင် စိုက်ပျိုးပွဲတော်များကို ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သစ်စေ့မြေလုံး "Seed Ball"များ ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးခြင်း၊ စူးထိုးစိုက်ပျိုးခြင်း၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် သစ်စေ့မြေလုံးများ ဖြန့်ကြဲစိုက်ပျိုးခြင်းတို့ကို ဓာတ်သတ္တုစွန့်ပစ်မြေများ၊ တောင်ကတုံးများ၊ ဖုန်းဆိုးတာများ၊ တောနိမ့်တောပျက်များတွင် ဆောင်ရွက်လျက်ရှိသည်။

**"သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ သစ်ပင်စိုက်ခြင်းသည် စိတ်ပင်ပန်းမှုကို ပြေပျောက်စေနိုင်သကဲ့သို့ သစ်တော သစ်ပင်များသည် သဘာဝဝန်းကျင်းကို အေးမြစိမ်းလန်းစေသည်။

ထို့အတူ **'သစ်တောနှင့် သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကို စိုး'** ဟူသော ဆောင်ပုဒ်အရ သစ်တောသစ်ပင်သည် အရိပ်အာဝါသကောင်း၊ ရာသီဥတုကောင်းစသည့် ကောင်းကျိုးများအပြင် သစ်ပင်စိုက်ခြင်းသည် ရွှေတိုက်တည်းဟူသည့် ကောင်းသော လက်ဆောင်ကို အနာဂတ်မျိုးဆက်များထံ လက်ဆင့်ကမ်းခြင်းလည်း ဖြစ်သည်။ တစ်နည်းအားဖြင့် ကျန်းမာသောကမ္ဘာကြီး အဖြစ် အနာဂတ် မျိုးဆက်ထံ အမွေပေးခြင်းလည်းဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။

**ကမ္ဘာကြီး ပူနွေးလာမှုကြောင့် မြင့်တက်လာသည့် အပူချိန်ကို မိသားစုတစ်စုစီ လေအေးပေးစက်ဖြင့် ခုခံမည့်အစား ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ ဂေဟစနစ် အားလုံးအတွက် မျှော်မှန်းပြီး ကုစား ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့အတွက် သစ်ပင်စိုက်ကြရမည် ဖြစ်သည်။**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၄**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ယနေ့ မွန်းလွဲ ၁နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ၊ဩရိဿမြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားကမ်းခြေတို့အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလား ပြည်နယ်ကမ်းခြေများမှတစ်ဆင့် ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်ပါ သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပါသည်။

မိုး/ဇလ

# ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်အတွင်း၌ ဖောက်ခွဲရေးသင်တန်းပြုလုပ်ရန် ပြင်ဆင်နေမှုများကို သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများကို ဖောက်ခွဲရေးပစ္စည်း အများအပြားနှင့်အတူ ဖမ်းဆီးရမိ




တရားခံ အောင်ဘိုဘို၊ နေဇော်ဖြိုး၊ အေးမင်းဦး၊ ချစ်ညီညီညွန့်၊ စိုးတင့်၊ သိန်းဇော်တို့အား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

**နေပြည်တော် ဇွန် ၁၄**

အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သော NUG၊ CRPH အဖွဲ့များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိ၍ အကြောက်တရားလွှမ်းမိုးနေစေရန် ရည်ရွယ်၍ အကြမ်းဖက်တိုက်ခိုက်မှု၊ သတ်ဖြတ်မှုများကို ကျူးလွန်လျက်ရှိသည့်အပြင် အဆိုပါလုပ်ရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အကြမ်းဖက်စစ်သင်တန်းနှင့် ဖောက်ခွဲရေးသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း သိရှိရသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်လာမှုမရှိစေရေး တာဝန်ရှိလုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရယူရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက် ညနေ ၃ နာရီခွဲခန့်တွင် မြန်အောင်မြို့နယ် သရက်ချောင်း ကျေးရွာအနီးရှိ မျှင်ဝါးတောင် သစ်တောကြိုးဝိုင်းအတွင်း၌ ဖောက်ခွဲရေးသင်တန်း ဖွင့်လှစ်ရန် ရည်ရွယ်၍ လူသစ်စုဆောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မျှင်ဝါးတောင်သစ်တောကြိုးဝိုင်းအတွင်း မခြဆည်အနီးရှိ ရွက်ဖျင်တဲ သုံးလုံးအတွင်းမှ အောင်ဘိုဘို၊ နေဇော်ဖြိုး၊ အေးမင်းဦး၊ ချစ်ညီညီညွန့်၊ စိုးတင့်၊ သိန်းဇော်တို့ ခြောက်ဦးအား ဂက်စ်အသုံးပြု၍ ပစ်ခတ်ရသော ပစ္စတိုသေနတ်နှစ်လက်၊ ဓားလေးချောင်း၊ လှံတစ်ချောင်း၊ ဆိုင်ကယ် ခုနစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ မခြဆည်အနီးရှိ တောအတွင်း ချောင်းသုံးခွဆုံနေရာသို့ ထပ်မံသွားရောက်ရှာဖွေခဲ့ရာ အဆိုပါနေရာမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် ပြုလုပ်ဆဲ လက်လုပ်မိုင်း ၁၁လုံး၊ မိုင်းထောင်အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ရွက်ဖျင်တဲ သုံးလုံး ပတ်ဝန်းကျင်အား ထပ်မံအသေးစိတ်ရှာဖွေစစ်ဆေးခဲ့ရာ ငှက်ပျောတောအတွင်းရှိ ရေမြောင်းအတွင်းမှ ဆာလာအိတ်ဖြင့်ထုပ်ထားသော လက်လုပ်မိုင်း ငါးလုံး၊ လက်လုပ်ဂက်စ်သေနတ် နှစ်လက်၊ မိုင်းထောင်အကြမ်းဖက် တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို လည်းကောင်း၊ တဲများ၏ အနောက်ဘက် ကိုက် ၃၀၀ ခန့်အကွာ လျှိုအတွင်းမှ ဆာလာအိတ်ဖြင့် ထုပ်ထားသော ယမ်းစိမ်း နှစ်ထုပ်နှင့် ကိုက် ၂၀၀ ခန့်အကွာ ငှက်ပျောတောအတွင်းမှ ဆာလာအိတ်ဖြင့်ထုပ်ထားသော ယမ်းစိမ်း တစ်ထုပ်တို့ကိုလည်းကောင်း ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

အလားတူ ကြံခင်းမြို့နယ် ကျောက်ပါးစပ်ကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ တောင်ကုန်းအနီးတစ်ဝိုက်တွင် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်း ဖွင့်လှစ်သင်ကြားနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဇွန် ၁၃ ရက် နံနက် ၉ နာရီခွဲတွင် သွားရောက်စစ်ဆေးခဲ့ရာ သံဃာများ မရှိသည့် ဘုန်းကြီးကျောင်း တစ်ကျောင်းအား တွေ့ရှိရပြီး အဆိုပါ ဘုန်းကြီးကျောင်းအနီးတစ်ဝိုက်အား ဆက်လက်ရှာဖွေစစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်း အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ၌ ပေ၂၀ ပတ်လည်ခန့် စစ်သင်တန်းပေးရန်အတွက် ပြုလုပ်ထားသည်ဟု ယူဆရသည့် မြေကွက်လပ် တစ်ခု၊ အဆိုပါ မြေကွက်လပ်မှ မီတာ ၁၀၀ ခန့် အကွာ၌ အကျယ် ၁၀ ပေ ပတ်လည်၊ အမြင့် ပေ ၂၀ ခန့် လူနေထိုင်ရန် ဆောက်လုပ်ထားသော နှစ်ထပ်တဲ တစ်လုံး၊ အဆိုပါတဲမှ မီတာ ၁၅၀ ခန့်အကွာ တောင်အောက် လျှိုမြောင်အတွင်း၌ ၁၀ ပေ ပတ်လည်ခန့် ထမင်းစားဆောင် တဲတစ်လုံး၊ အဆိုပါစားဆောင်တဲ အတွင်းမှ မိုင်းထောင်အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။

ဖြစ်စဉ်တွင် အကြမ်းဖက်မှု ဖောက်ခွဲရေးလုပ်ရပ်များ လုပ်ကိုင်ရန် သင်တန်းပေးနေသည့် အကြမ်းဖက်သမားများနှင့် ဦးဆောင်ပြုလုပ်သူများအား ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့ရှိ အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့အား လက်နက်ကိုင် အကြမ်းဖက်သူများနှင့် သောင်းကျန်းသူများက အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဇွန် ၁၄**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အေးချမ်းစွာနေထိုင်သော ပြည်သူလူထု အချို့အား လက်နက်ကိုင် အကြမ်းဖက်သူများနှင့် သောင်းကျန်းသူများက အကြောင်းမဲ့ရက်စက်စွာ အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဇွန် ၁၃ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်တွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ အမှတ်(၄)ရပ်ကွက် အရှေ့ဈေးပတ်လမ်းရှိ ယွန်းယွန်းလျှပ်စစ်ပစ္စည်းအရောင်းဆိုင် ပိုင်ရှင်ဖြစ်သူ အမှတ် ၂ ရပ်ကွက်နေ ဒေါ်နှင်းနှင်းဝေ(ခ) ယွန်းယွန်း (၃၈)နှစ် (ဘ)ဦးညွန့်သည် ၎င်းပိုင်ဆိုင်၌ ရှိနေစဉ် အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုသေနတ်ဟုယူဆရသည့် သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဒေါ်နှင်းနှင်းဝေတွင် ကျည်ဖောက်ထွက်ဒဏ်ရာ တစ်ချက်ရရှိခဲ့သဖြင့် တောင်သာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိခဲ့ပြီး အဆိုပါ ဆိုင်ရှေ့လမ်းမပေါ်မှ Luger ကျည်ခွံ တစ်ခုအား သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် ကြည်ရွာကျေးရွာ၏ မြောက်ဘက်ရှိ မူးဘောင်အနီး၌ အမျိုးသမီးနှစ်ဦး ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်သူ ဦးသိန်းဇော်၏ သမီးများဖြစ်ကြသော ဒေါ်လှစန္ဒာ (၄၅)နှစ်နှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ (ဆပ်ပြာကျင်း)မှ အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းဆင့် (၃၅)နှစ်တို့ဖြစ်ကြောင်း သိရှိရပြီး ၎င်းတို့နှစ်ဦး၏ ချိုင်းအောက်၊ ဝဲရင်အုံ၊ ဝမ်းဗိုက်၊ နောက်ကျောတို့တွင် ထိုးသွင်းဒဏ်ရာ၊ ဦးခေါင်းပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အလောင်းများအား ဒီပဲယင်းဆေးရုံကြီးသို့ ပို့ဆောင်ထားရှိခဲ့ပြီး ဖြစ်စဉ်အား စုံစမ်းခဲ့ရာ ၎င်းတို့နှစ်ဦးအား အဆိုပါ ကျေးရွာနေ တင်မောင်မျိုး(၃၀)နှစ် (ဘ)ဦးညိုနှင့် CDM ပြုလုပ်ထားသည့် အခြေခံပညာ အထက်တန်းကျောင်း ကြည်ကျေးရွာမှ မူလတန်းပြဆရာ စိုးဇေယျာ(၂၅)နှစ်တို့မှ ရက်စက်စွာသတ်ဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဇွန် ၁၄ရက် မွန်းလွဲ၁ နာရီ ၅မိနစ်ခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ၌ ပစ်ခတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျေးရွာရှိ ကတက်ချောင်းအတွင်း၌ ဒေသခံပြည်သူ ၄၀ခန့် ရေချိုးနေစဉ် ကတက်ချောင်းတံတားပေါ်မှ လက်နက်ကိုင် သောင်းကျန်းသူ အင်အား လေးဦးခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ချောင်းအတွင်း ရေချိုးနေသည့် ကင်မွန်းချောင်းကျေးရွာနေ ဦးဇေယျာမျိုး(၂၄)နှစ် (ဘ)ဦးမောင်မြင့်၊ ဦးစနေမောင်မောင်(၄၃)နှစ် (ဘ) ဦးမောင်ကို၊ ဒိုက်ဦးမြို့၊ ဖအောင်ကျေးရွာနေ ဦးသူရထွန်း(၃၆)နှစ်(ဘ)ဦးငွေဝင်းနှင့် ဘီးလင်းမြို့ ညောင်ချောင်းကျေးရွာနေ မောင်ရဲရင့်မိုး(၁၇)နှစ် (ဘ)ဦးငွေရတို့တွင် သေနတ်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ဆေးဝါးကုသနိုင်ရေး ကျိုက်ထိုပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဒဏ်ရာရရှိသူများအနက် ဦးဇေယျာမျိုးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အေးချမ်းစွာနေထိုင်ကြသော ပြည်သူလူထုများအား အကြောင်းမဲ့ ရက်စက်ယုတ်မာစွာ ပစ်ခတ်သတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

● ကျောဖုံးမှ

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ ကျောဖုံးမှ

တွင်လည်းကောင်း ရောက်ရှိပြီး အဆိုပါရထားအား အမှတ် (၁၁၂)အစုန်ရထားအဖြစ် မြင်းခြံဘူတာမှ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာ၍ သာစည်ဘူတာသို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိ၍ နေ့စဉ် ခေါက်ပြန်ပြေးဆွဲပေးသွားမည် ဖြစ်သည်။

အဆိုပါ လူစီးရထားနှစ်စင်းစလုံး၏ တွဲဆိုင်းဖွဲ့ဆင်မှုများမှာ ရိုးရိုးတန်း သုံးတွဲ၊ ပါဆယ် တစ်တွဲ၊ ဘရိတ်တစ်တွဲ စုစုပေါင်းငါးတွဲဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာ လမ်းပိုင်းအတွင်းရှိ ဘူတာစဉ် ရပ်တန့်ပေးသွားမည်ဖြစ်၍ သက်ဆိုင်ရာ ဘူတာအသီးသီးတွင် ကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ လူမှုကူညီရေးအသင်းပိုင် ယာဉ်တစ်စီး အရှိန်လွန်ပြီး လမ်းဘေးရှိ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်

**နေပြည်တော် ဇွန် ၁၄**

မွန်ပြည်နယ် ပေါင်မြို့နယ် ရန်ကုန် – မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် ၁၇၂/၁ တွင် ဇွန် ၁၃ ရက်က မော်လမြိုင်မှ ကျိုက်ထိုဘက်သို့ မောင်းနှင်လာသော လူမှုကူညီရေးအသင်းပိုင် ယာဉ်သည် အရှိန်လွန်ပြီး လမ်းဘေးရှိစားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိ တိမ်းမှောက်မှုဖြစ်ရာ ပေါင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီးဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ယာဉ်မတော်တဆမှုကြောင့် ယာဉ်နောက်လိုက် နိုင်လင်းအောင်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ယာဉ်မောင်း ဦးသူရလင်းအား ပေါင်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**အောင်မျိုး**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

## ကျောက်ဆည်မြို့ရှောင်လမ်းနှင့် ဇော်ဂျီမြစ်ကူးတံတား တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီးတော့မည်

**ကျောက်ဆည် ဇွန် ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ယာဉ်ပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် မြို့ကိုရှောင်ကွင်းသည့် ရန်ကုန်-မန္တလေး မြို့ရှောင်လမ်း ဖောက်လုပ်ခြင်းနှင့် ဇော်ဂျီမြစ်ကူး တံတားတစ်စင်း တည်ဆောက်ခြင်းကို သော်တာဝင်းကုမ္ပဏီက တာဝန်ယူပြီး ၂၀၁၈ ဇန်နဝါရီလမှ စတင်ကာ မြို့၏အရှေ့ဘက်တွင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့ရှောင်လမ်းကို လမ်း တံတား ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သော်တာဝင်း ကုမ္ပဏီက တာဝန်ယူပြီး ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၄၂၀၀ အကုန်အကျခံ၍ အရှည် ၇ ဒသမ ၈၂ မိုင်၊ အကျယ် ၇၂ ပေအဖြစ် ဖောက်လုပ်နေခြင်းဖြစ်ကာ ထိုလမ်းပေါ်တွင် Box Culvert ၃၅ ခုလည်း ပါဝင်ကြောင်း၊ ဇော်ဂျီမြစ်ကူး တံတားကိုမူ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၈၆၀ အကုန်အကျခံ၍ တည်ဆောက်လျက်ရှိပြီး အရှည် ပေ ၂၁၀၊ အကျယ် ပေ ၈၀ ရှိသည့် ခြောက်လမ်းသွား တံတားတစ်စင်း ဖြစ်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ စက်ရုံများတွင် အသုံးပြုသော ကုန်တင်ကားများ၊ တွဲကားများနှင့် ဝန်ထမ်း အကြိုအပို့ ယာဉ်များသည် ကျောက်ဆည်မြို့အတွင်းမှ ဖြတ်သန်းမောင်းနှင်သည့်အတွက် မကြာခဏ ယာဉ်ပိတ်ဆို့မှုများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ကြောင့် မြို့ရှောင်လမ်း ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကာ လမ်းပြီးစီးပါက ယာဉ်ပိတ်ဆို့မှုများ ကင်းဝေး၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ လျော့နည်းပပျောက်လာမည့်အပြင် ကုန်စည်စီးဆင်းမှုလည်း လျင်မြန်လာတော့မည် ဖြစ်သည်။

**သက်မောင်(ကျောက်ဆည်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေး

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးသည် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မေ ၃ ရက်မှစ၍ မြို့နယ်အတွင်းသို့ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ ကျောင်းအိုင်ကျေးရွာမှပြည်သူများအတွက် ပြုလုပ်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲကို ဇွန် ၁၄ ရက်က အဆိုပါရုံး၌ ကျင်းပခဲ့ပြီး အိမ်ထောင်စုလူဦးရေစာရင်း အခု ၃၀ နှင့် နိုင်ငံသားစိစစ်ရေးကတ် ၃၇ ခုတို့ကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမောင်မောင်သန်းက ပေးအပ်သည်။

ပန်းခင်းစီမံချက်ကို ၂၀၂၂ နိုဝင်ဘာလအထိ ရပ်ကွက်/ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ကျောင်းကုန်းမြို့နယ်အတွင်းမှ အခြားကျေးရွာများသို့လည်း ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးကို စိစစ်၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




**ကွတ်ခိုင်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနက ပန်းခင်းစီမံချက်အရ ကျေးရွာများသို့ လိုက်လံဆောင်ရွက်ပေးလျက်ရှိရာ ဇွန်လဆန်းတွင် ကောင်းခါးကျေးရွာအုပ်စုနှင့် လွယ်ခန်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ ပန်းခင်းစီမံချက် ဆောင်ရွက်ပေးရာတွင် ပြည်သူများအား မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ/နည်းဥပဒေ၊ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေတို့ဖြင့် တိုင်းတာ၍ နိုင်ငံသား/ဧည့်နိုင်ငံသား/နိုင်ငံသားပြုခွင့်ရသူ စသည်ဖြင့် စိစစ်ပြီးနောက် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးကို ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဌေးဌေး**

**ကျိုက်ဒုံ**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးဇွန်ဇွန်မိုးလွင်နှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်အရ တပ်မတော်သား မိသားစုဝင်များ၊ နယ်ခြားစောင့်တပ် မိသားစုဝင်များအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးလျက်ရှိရာ လက်ရှိအချိန်တွင် ကျိုက်ဒုံမြို့(ရှေ့တန်းရုံး) နယ်မြေခံတပ်၊ ဒေါနအနောက်ခြမ်း ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(D.K.B.A)၊ ကျိုက်ဒုံမြို့ နယ်ခြားစောင့်တပ် (BGF)တို့မှ တပ်ဖွဲ့ဝင် များ၏ မိသားစုဝင် အမျိုးသား ၄၉ ဦးနှင့် အမျိုးသမီး ငါးဦးတို့အတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးအပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇီးကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးနှိုးဆော်

**ဇီးကုန်း ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများသိရှိလိုက်နာရမည့် အချက်များ၊ ဆောင်ရန်/ရှောင်ရန်များကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က မြို့နယ်အတွင်း လိုက်လံကြေညာနှိုးဆော်လျက်ရှိသည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးကို အထူးဂရုပြု သွားလာနေထိုင်ကြရန်၊ နေအိမ်ပြင်ပသို့ သွားလာရာတွင် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ မလိုအပ်ဘဲ လူစုလူဝေးရှိသောနေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ရန်၊ လက်ကို မကြာခဏ ဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ကြရန် စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကို လိုက်နာ၍ အချင်းချင်း အသိပေးခြင်း၊ သတိပေးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုက်လံနှိုးဆော်နေခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇွန် ၁၄**

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းမြောက်ပိုင်းရပ်ကွက် သဇင်လမ်းနေ မသန်းသန်းရီနှင့် ခင်ပွန်းဖြစ်သူ အောင်မျိုးဦးတို့က လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရွာ အေ(၅) လမ်းနေ မ--- ၂၃ နှစ်ကို မူဆယ်မြို့တွင် အိမ်အကူ လုပ်ကိုင်ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား ညောင်နှစ်ပင်နယ်မြေရဲစခန်း (ပ)၃၁/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇွန် ၁၀ ရက်တွင် တရားခံ မသန်းသန်းရီနှင့် အောင်မျိုးဦးတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲရာတွင် ပါဝင်သူများအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်း မြို့နယ်အတွင်း၌ မေ ၂၆ ရက် ညပိုင်းတွင် ကျွန်းသာယာကျေးရွာအနီးရှိ ရထားသံလမ်း မိုင်တိုင်အမှတ် ၁၂၅/၁၄ နှင့် ၁၅ အကြား၌ လည်းကောင်း၊ ဇွန် ၈ ရက် ညပိုင်းတွင် တောင်ကုန်း ကျေးရွာအနီးရှိ ရထားသံလမ်းမိုင်တိုင်အမှတ် ၁၂၂/၂ နှင့် ၃ အကြားတွင်လည်းကောင်း အကြမ်းဖက် သူများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် မန္တလေးမှ ရန်ကုန်သို့ ခရီးသည်များ တင်ဆောင် ထွက်ခွာလာသော အမှတ်(၂) အစုန်ရထားသည် တွဲချော်တိမ်းစောင်းမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုကဲ့သို့ ခရီးသွားပြည်သူများ အသက်အန္တရာယ် ဖြစ်ပွားအောင် ရထားသံလမ်းပေါ်၌ မိုင်းထောင် ဖောက်ခွဲ၍ အကြမ်းဖက်မှု ကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်း ဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက် ည ၇ နာရီ ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ တောင်ကုန်းကျေးရွာအနီးရှိ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲရာတွင် ပါဝင်ခဲ့သူ ကညွတ်ကွင်း မြို့နေ ဟိန်းမင်းထွန်း(၂၂)နှစ် (ဘ)ဦးကြည်လွင်အား ကွင်းအရှေ့ (၂)ရပ်ကွက် ရန်ကုန်- မန္တလေး ကားလမ်း ဘေးရှိ “Station” KTV နှင့် စားသောက်ဆိုင်တွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဟိန်းမင်းထွန်း၏ ထွက်ဆိုချက် အရ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲရာ တွင် ၎င်းနှင့်အတူပါဝင်ခဲ့သူ ကွင်းအရှေ့ (၁)ရပ်ကွက် နေ ကောင်းပြည့်ဇော် (၂၇)နှစ် (ဘ) ဦးဝင်းလှိုင်ပါ အမျိုးသားခုနစ်ဦးတို့ကို ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ဟိန်းမင်းထွန်း၏ ထပ်မံထွက်ဆို ချက်အရ ဇွန် ၉ ရက်တွင် ၎င်းထံသို့ ဆံရှည်(ခ) နေလင်းထွန်း(စိစစ်ဆဲ)မှ လာရောက်အပ်နှံထားသော ဆာလာအိတ်တစ်ထုပ်အား ကွင်းအနောက် (၂) ရပ်ကွက် ရွာလယ်လမ်းရှိ ဦးကြည်လွင်၏ နွားတင်းကုပ်အတွင်းရှိ စင်ပေါ်၌ သိမ်းဆည်းထား ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ အဆိုပါစင်ပေါ်မှ ဆာလာ အိတ် အဖြူရောင်တစ်လုံးအားတွေ့ရှိရပြီး ဆာလာ အိတ်အတွင်းမှ ရှေ့ထွက်မိုင်းတစ်လုံး၊ လက်ပစ်ဗုံး လေးလုံး၊ လက်လုပ်မိုင်း အကြီးတစ်လုံး၊ လက်လုပ်မိုင်း အသေးသုံးလုံး၊ စနက်တံ ငါးခု၊ တိုက်ကြိုး (ဝိုင်ယာကြိုး) နှစ်ချောင်းတို့အား တွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။




ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲရာတွင်ပါဝင်သည့် တရားခံ ဟိန်းမင်းထွန်း ပါ ရှစ်ဦးအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

ထိုကဲ့သို့ ဖောက်ခွဲရေး ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် ရထားသံလမ်းအား မိုင်းထောင် ဖောက်ခွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်သည့် ဟိန်းမင်းထွန်းပါ ရှစ်ဦးအား အသေးစိတ် ဆက်လက် စစ်ဆေးလျက်ရှိကြောင်းနှင့် ဖောက်ခွဲမှုကျူးလွန် ရာတွင် ပူးပေါင်းပါဝင် ပတ်သက်သူများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများနှင့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၁၄**

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက် သူများနှင့် အကြမ်းဖက်အဖျက် အမှောင့်လုပ်ရပ်များတွင် အသုံး ပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးခြင်း များ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၃ ရက် နံနက် ၁၀ နာရီခန့်တွင် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းထိန်သစ် ရပ်ကွက်နေ ဝေယံကျော် (၂၅)နှစ် (ဘ)ဦးသန်း နိုင်၏ နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့က ဝင်ရောက် ရှာဖွေရာ ၎င်းအား နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ဝဲကျွန်းထိန်သစ် ရပ်ကွက်၊ (၇) လမ်းနှင့် လမ်းသွယ် (၇) ဆုံရာ ပိုင်ရှင်(စိစစ်ဆဲ) နေအိမ် သို့ ဝင်ရောက်ရှာဖွေရာ နေအိမ် အတွင်းမှ ပြောင်းချောသေနတ် သုံးလက်၊ ၁၂ ဗို့ကျည် အတောင့် ၁၆၀၊ လက်လုပ်မိုင်း ၁၃ လုံး၊ လျှပ်စစ်မိုင်း နှစ်လုံး၊ ရီမုမိုင်း တစ်လုံး၊ ဘောလုံးယမ်း အလုံး ၂၀၊ လက်လုပ်အသံပြောက်အိုး နှစ်ခု၊ သံဘောစေ့ အလုံး ၁၀၀ ပါ ဘူး ၂၀ နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဆက်လက်၍ ၇ လမ်းနှင့် လမ်းသွယ် ၁၁ ဆုံရာ ပိုင်ရှင် (စိစစ်ဆဲ) နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ် အတွင်းမှ လက်ကိုင်စကားပြော စက် နှစ်စုံ၊ ကျည်ကာအင်္ကျီ ငါးထည်၊ အင်္ကျီတစ်ထည်၊ လက်လုပ်သေနတ် ကိုယ်ထည် အပိုင်းတစ်ခု၊ NLD အလံ ခုနစ်ခု၊ NLD နဖူးစည်း သုံးခုတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့ ကြောင်း သိရသည်။ (ဝဲပုံ)



တရားခံ ဝေယံကျော်



အထက်ပါဖြစ်စဉ်မှ အကြမ်း ဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ အား သိုဝှက်သိမ်းဆည်းထားရှိသူ များနှင့် အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးလုပ်ရပ်များ လုပ် ဆောင်ရန် ကြိုးစားနေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း သိရှိရ သည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျူချောင်းကျေးရွာ၌ အစာအဆိပ်သင့်မှုဖြစ်ပွား၍ ကျောင်းသူနှစ်ဦး သေဆုံး

**နေပြည်တော် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကျူချောင်းကျေးရွာ၌ အစာ အဆိပ်သင့်မှုဖြစ်ပွား၍ ကျောင်းသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးတိုင်း ဒေသကြီး သနပ်ပင်မြို့နယ် ကျူချောင်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲ ကျူချောင်းတွင် သတ္တမတန်းကျောင်းသူ များဖြစ်သည့် ၎င်းကျေးရွာနေ မစုမယ်ဆန်း ၁၂ နှစ်၊ (ဘ)ဦးကျော်နိုင်နှင့် မသဇင်ခိုင် ၁၂ နှစ် (ဘ)ဦးမောင်မြင့်ရွှေတို့ နှစ်ဦးသည် ၎င်းတို့၏ စာသင်ခန်းအတွင်း၌ တံမြက်စည်းလှည်း သန့်ရှင်းရေးပြုလုပ်နေစဉ် လဲကျသွားကြောင်း ကျောင်းသားတစ်ဦးက ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုမာမြင့်ထံ လာရောက်ပြောကြားသဖြင့် သွားရောက်ကြည့်ရှုရာ မသဇင်ခိုင်မှာ အခန်းအတွင်း စာရေးစားပွဲဘေး၌ လဲကျနေပြီး မစုမယ်ဆန်းမှာ နံရံမှီလျက်အနေအထားဖြင့် လဲကျကာ ၎င်းတို့ နှစ်ဦး၏ ပါးစပ်မှ အမြှုပ်အနည်းငယ်ထွက်နေသည်ကို တွေ့ရှိရသဖြင့် ကျောင်းအုပ်ဆရာမကြီးနှင့် သားဖွားဆရာမဖြစ်သူ ဒေါ်စန်းစန်းအေးတို့မှ သနပ်ပင်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး နံနက် ၉ နာရီ မိနစ် ၂၀ တွင် ဆေးရုံသို့ရောက်ရှိစဉ် ကျောင်းသူနှစ်ဦးမှာ သေဆုံးသွား ခဲ့သည်။

အဆိုပါ ကျောင်းသူနှစ်ဦး သေဆုံးမှုနှင့် ပတ်သက်၍ ဆေးရုံကြီး မှူးခင်းဆရာဝန်၏ ရင်ခွဲစစ်ဆေးချက်အရ အစာအဆိပ်သင့်သေဆုံး ကြောင်း ကနဦးသိရှိရပြီး ဖြစ်စဉ်အသေးစိတ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၄**

ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ကောင်းမှုတော်ဘုရားဝင်းတွင် Probox ယာဉ်တစ်စီးကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ဇော်မင်းထိုက်(ခ)ဇော်ကြီးနှင့် ပြည့်ဖြိုးအောင်(ခ) ပြုံးချိုတို့ကို စိတ်ကြွရူးသွပ်ဆေးပြား ၄၉၂၇၅ ပြား၊ အိုက်စ် သုည ဒသမ ၀၀၁ ကီလို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် ရွှာငံ-ဟံမြင့်မိုရ်သွားကားလမ်း ကင်းကျေးရွာ အနီးတွင် ဝင်းမင်းထွန်း မောင်းနှင်လာသည့် Light Truck အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် အောင်ကိုလင်းနှင့် သန်းထိုက်အောင်တို့ထံမှ ဆေးခြောက် ၆ ဒသမ ၈ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမြို့နယ် မိတ္ထီလာ-ပျော်ဘွယ်သွားကားလမ်း ကုန်းသာကျေးရွာ မိုင်တိုင်အမှတ်(၃၀၃/၆)အနီးတွင် စိုးစိုးအောင်(ခ) နိုင်ထူး မောင်းနှင်ပြီး မနှင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်းရှိ တည်းခိုခန်း အခန်းအမှတ်(၂၀၆)သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ဇေယျာ(ခ)ဟာဆန် ကိုတွေ့ရှိရပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၊ ဆေးခြောက် ၁ ဒသမ ၂ ကီလိုနှင့် အိုက်စ် သုည ဒသမ ၀၂ ကီလို တို့ကိုလည်းကောင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် မူဆယ်-မန္တလေး သွားကားလမ်း မိုင်တိုင်အမှတ် (၈၀/၄)အနီးတွင် စိုင်းဆိုင်လှိုင်ခေး မောင်းနှင်လာသော Hiace အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

❖ *ကျောဖုံးမှ*

ဦးဆောင်ဂိုးကို နယ်သာလန်အသင်းက စတင်ရရှိခဲ့သည်။ အဆိုပါ ဂိုးကို ပွဲချိန် ၅၂ မိနစ် တွင် အသင်းခေါင်းဆောင် အဖြစ် တာဝန်ယူထားသည့် ဝီလ်ဂျနေဒမ်က သွင်းယူပေးနိုင်ခဲ့သည်။ နယ်သာလန် အသင်းသည် ဦးဆောင်ဂိုး ရရှိခဲ့ပြီးနောက် မကြာမီတွင် ဒုတိယဂိုး ထပ်မံရရှိခဲ့သည်။ အဆိုပါဂိုးကို ဝက်ဟော့စ်က သွင်းယူပေးနိုင်ခဲ့သည်။ ယူကရိန်းအသင်းသည် ဦးဆောင်ဂိုး နှစ်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာရာ ပွဲချိန် ၇၅ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ယာမိုလန်ကိုနှင့် ယာရမ်ချော့ခ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် တစ်ဖက်နှစ်ဂိုးစီ သရေကျပြီးနောက် ပွဲမှာ အကြိတ်အနယ်ရှိလာခဲ့သည်။

နယ်သာလန်အသင်းအတွက် တတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် နသန်အကီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒမ်ဖရိုင်းစ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နယ်သာလန် အသင်းရော ယူကရိန်းအသင်းပါ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် နယ်သာလန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

နယ်သာလန် အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ဩစတြီးယားအသင်းနှင့် ရမှတ် သုံးမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး ယူကရိန်းအသင်းက ရမှတ်ရရှိထားခြင်း မရှိသေးဘဲ တတိယနေရာတွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ် (၂) အဖြစ် နယ်သာလန်အသင်းသည် ဇွန် ၁၈ ရက်တွင် ဩစတြီးယားအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်ပြီး ယူကရိန်းအသင်းက ဇွန် ၁၇ ရက် တွင် မြောက်မက်ဆီဒိုးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသော ယူရို ၂၀၂၀ ပြိုင်ပွဲရလဒ်များအဖြစ် နာမည်ကြီး အင်္ဂလန်နှင့် ခရိုအေးရှား အသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက စတားလင်း၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဩစတြီးယားနှင့် မြောက်မက်ဆီဒိုးနီးယားအသင်းတို့ပွဲစဉ်တွင် ဩစတြီးယားအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

### မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့နယ်၊ မယ်ဇလီချောင်းကျေးရွာနေ ဦးရွှေမန်း၏ သမီး မဖြိုးကလျာဝင်း ၅/စကန(နိုင်)၂၆၅၃၉၂ ၏မွေးသက္ကရာဇ် အမှန်မှာ ၅-၁၂-၁၉၉၅ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့နယ်၊ မယ်ဇလီချောင်းကျေးရွာနေ ဦးဘပေါ်၏သမီး မနုနုဝင်း ၅/စကန(နိုင်)၀၇၅၂၈၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၄-၃-၁၉၆၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းအုပ်စု၊ သဲကျွန်ကျေးရွာနေ မအိသဇင်ဖြိုး ၉/ ဥတသ(နိုင်)၀၀၅၅၀၉ ၏ဖခင် ဦးအောင်မျိုး(ခ)ဦးအောင်မျိုးဝင်း ၉/ပမန(နိုင်)၁၃၆၂၁၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### တစ်ဦးတည်း ဖြစ်ပါကြောင်း

ပုသိမ်မြို့နေ ဦးစစောဝင်းသူ၏ဖခင် ဦးစိန်ညွန့်(ခ) ဦးမန်းစိန်ညွန့် ၁၄/ပတန(နိုင်) ၁၃၇၇၁၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ရှမ္မတွင်းရွာနေ မနီလာဝင်း ၆/ထဝန(နိုင်)၁၄၃၁၂၉ ၏ဖခင် ဦးရန်အောင် (ခ) ဦးသိန်းအောင် ၆/ထဝန(နိုင်)၀၆၀၅၃၆ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် င၊ မြေကွက်အမှတ်(၇၄၃)၊ မြေကွက်တည် နေရာအမှတ်(၇၄၃)၊ နွယ်နီ(၁၆)လမ်း၊ (င) ရပ်ကွက်၊ ဦးဖရက်သိန်းဖေ(CA-၀၅၀၈၄၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ခင်ပွန်း)ဦးဖရက်သိန်းဖေသည် (၄-၁၀-၂၀၁၉)ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်မေပုလဲ ၁၂/ဥကမ(နိုင်)၀၀၄၄၆၇မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ဒဂုံမြို့နယ်တရားရုံးကတိသစ္စာပြုလွှာအမှတ် ၇/၁၇၂၅/၂၀၂၀ သေစာရင်း၊ အိမ်ထောင်စုစာရင်း အမည်ပေါက်သူ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း အပိုင်ပေးစာချုပ်ဖြင့် မြေပုံကူးလျှောက်ထားပေးမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/5304, Toyota Alphard ANH 10, Micro Bus (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသီဟအောင် ၁၂/လမန(နိုင်)၁၃၈၅၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆(သမိုင်း)၊ ကုန်းမြင့်ရိပ်သာ၊ မြေကွက်အမှတ်-၄၅/၂၊ ဧရိယာ-၀.၁၂၈ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာ၊ ဧယျာခေမာလမ်း၊ အမှတ်-၄၅/၂ ဟုခေါ်တွင်သည့် တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမျိုးဝင်းကျော်(၁၂/မရက(နိုင်)၁၀၉၈၉၈)နှင့် နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်အိရွှေစင် (၈/မကန(နိုင်)၁၁၁၆၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆D၊ မြေကွက်အမှတ်-၈၂စီ/၁ဘီ-၁၊ ဧရိယာ-၀.၁၀၄ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်-၃၀အေ/၂ ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဇင် (၁၂/လမန(နိုင်)၁၂၀၈၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

### ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ ကန်တော်ကြီးတာဝါ၊ အမှတ် ၄/၆၊ အခန်း အမှတ် ၅၀၁နေ ဒေါ်လှလှဝင်း (ဘ)ဦးစိန် ၁၂/မဂတ(နိုင်)၀၆၈၀၅၄ ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၉၁၄/၂၀၁၄ ဖြင့် ဒေါ်မို့မို့လင်း(ဘ) ဦးဟာစံန် ၉/ မကန(နိုင်)၀၇၀၀၁၀ သို့ လွှဲအပ်ထားသော ကိုယ်စားလှယ်စာမှာ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဒေါ်လှလှဝင်း၏ ဆန္ဒအရ ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်- ၂၅၁၆၅** | **စဉ်- ၂၆၁၉၉** | **စဉ်- ၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉- ၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉- ၄၂၅၂၈၈၆၅၁**

### ကုလားပဲနှင့် ဂျုံသီးနှံရောင်းချရန် ကြေညာခြင်း

စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီရာသီသီးနှံဌာနခွဲ၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ပေါက်အင်းစိုက်ကွင်းမှ ရောင်းချရန်ရှိသော ကုလားပဲ(V3 V7)(၄၀၀၀) တင်းနှင့် ဂျုံအထွက်တိုး(၄၀၀၀)တင်းအား မျက်မြင်အခြေအနေ အတိုင်းဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ ဝယ်ယူလိုသူများသည် အောက်ပါအစီအစဉ်အတိုင်းလာရောက်ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ရောင်းချမည့်ရက်** | - | ၁၀-၇-၂၀၂၁ရက် (စနေနေ့) |
| **ရောင်းချမည့်အချိန်** | - | မွန်းလွဲ ၂ နာရီ |
| **ရောင်းချမည့်နေရာ** | - | ပေါက်အင်းစိုက်ကွင်း၊ ချောင်းဦးမြို့ |
| **စုံစမ်းနိုင်မည့် ဖုန်းနံပါတ်များ** | - | ၀၉- ၇၉၄၁၃၄၀၉၊ ၀၉- ၉၇၈၀၃၇၇၈၉ ၀၉- ၄၀၀၄၁၂၃၆၊ ၀၉- ၃၃၂၃၀၂၂၁ |

**ရောင်းချရေးအဖွဲ့**
**စိုက်ပျိုးရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၂၄၇၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးကျော်စိုးလွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား မန္တလေးမြို့ စာချုပ် စာတမ်းမှတ်ပုံ တင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၄၇၆/၂၀၂၁) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်နိုင် ၈/အလန(နိုင်)၁၀၂၃၁၉ မှ နှစ် (၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးဇာနည်ဝင်း ၁၂/ဒဂန(နိုင်)၀၁၀၂၂၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ တင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၀၀၁၊ ၆၀၀၃)၊ မြေဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဒေါ်နွယ်နီထွန်း (ဘ) ဦးလှကြည် ၁၂/ရကန(နိုင်) ၀၁၀၈၂၉ အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်သစ်သစ်ကျော် (ဘ) ဦးကျော်မြင့် ၁၀/သထန(နိုင်)၀၉၈၅၄၅မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစ ခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၆၁၄က)၊ ကျောက်ချက်ရွာမကွင်း၊ အကွက်အမှတ်(၃၇၂)၊ ဧရိယာ ၁ဒသမ ၁၂၆ ဧကအနက်မှ ၀ဒသမ ၈၄၂ ဧကအား ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်ကျေးရွာအုပ်စု၊ ကျောက်ချက်ကျေးရွာနေ ဦးမျိုးသူရှိန်ဝင်း(ဘ) ဦးဝင်းရှိန် ၁၃/ကလန(နိုင်)၀၇၂၄၅၃ မှ ကျေးရွာမြေငှားဂရန်ခွင့် ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။

၂။ ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ၊ သတ်မှတ်ရက် ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် ကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း ကန့်ကွက်လာမှုမရှိပါက ဦးမျိုးသူရှိန်ဝင်း ၁၃/လကန(နိုင်)၀၇၂၄၅၃ အား ကျေးရွာမြေငှားဂရန် ခွင့်ပြုချထားပေးနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဇေယျာသီရိမြို့နယ်**

### အမည်ပြောင်း

ဦးရဲမြင့်အောင် ၇/ရတရ(နိုင်)၁၂၆၉၆၆ ၏သမီး ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့နေ ဆွာမြို့ အထက Grade- 7 မှ မခင်တွယ်တာဦးအား မနှင်းရတီဝင်းဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းရတီဝင်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့ အထက (ဆွာ) သတ္တမတန်းမှ မောင်မျိုးကိုကို၏ဖခင် ဦးသန်းထွန်းဇော်၏ အမည်မှန်မှာ ဦးသန်းဝင်း ၇/ရတရ(နိုင်)၁၉၇၄၃၆ ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့နယ်၊ အထကဆွာ ပဉ္စမတန်းမှ မအိအိဖြိုးသွယ်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်စိုး ၇/ရတရ(နိုင်) ၁၉၂၅၆၈ ဖြစ်ပါကြောင်း။

**ဦးမောင်မောင်စိုး**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊မြေကွက်အမှတ် ၅၄၈ရှိ ဦးမြင့်ဦးလေး(ခ) မြင့်စန်း အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်မျိုး၊ ဒေါ်သန္တာဝင်း (ဘ) ဦးပွ/ဦးရွှေဝင်း ၉/ပမန(နိုင်)၁၃၈၃၀၆၊ ၇/ကကန(နိုင်)၀၂၉၉၆၇ မှ မြေပေးမိန့် ၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာအမှတ် ၆၆၂/၂၀၂၁၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသား စိစစ်ရေးကတ် ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေ ကွက်အမှတ်(၁၃၇၄)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးတင်လှ အမည်ပေါက် ပါမစ်မြေကွက်အား ဦးသက်နိုင်စိုး (ဘ)ဦးတင်လှ ၉/လဝန(နိုင်)၁၈၄၀၂၇မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၈၀/၂၀၂၁)နှစ်ဦး သဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ဒုရဲမှူး အောင်ညွှန့်(အငြိမ်းစား)

## လ/၅၈၅၉၁

## မြန်မာနိုင်ငံရဲတပ်ဖွဲ့

## အသက်(၈၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အခန်းအမှတ်(510)၊ တိုက်(B)၊ ဘုရင့်နောင်တာဝါ(၂)နေ (ဦးသန်းဝေါင်-ဒေါ်ကြည်တင်)တို့၏သား၊(ဦးစိန်မောင်-ဒေါ်ပု)တို့၏သားသမက်၊ဒေါ်မြသန်း(အငြိမ်းစား ကျောင်းဆရာမ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ချိုလွင်အောင်၊ ဦးသန်းထိုက်အောင်(C/E, Miraco Marine Co.,Ltd)-ဒေါ်စန္ဒီချို(Architect)၊ ဒေါ်မြစန္ဒာအောင်တို့၏ ချစ်လှစွာသောဖခင်၊ (ဦးတင်ခ-ဒေါ်ခင်ကြွေ)တို့၏မောင်သည် ၁၃-၆-၂၀၂၁ရက် (တနင်္လာနေ့) ညနေ ၆:၀၅နာရီတွင် Grand Hantha International ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၇၇၁၀၉ Yamaha NVX 155 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လင်းလင်းထွန်း ၁၂/သခန(နိုင်)၀၇၃၈၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ဟင်္သာတ)**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/7804 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၂၇၆၊ မြေကွက် တည်နေရာအမှတ်(၂၇၆)၊ သခင်ဗဟိန်းလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိုးတင်(DNU-၀၅၂၂၀၄)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးစိုးတင်ထံမှ SP အမှတ် ၂၄၈၅/၂၀၁၈(၅-၃-၂၀၁၈)ရသူ ဒေါ်ရန်ကြူလန် ၁၃/လရန(နိုင်) ၁၃၁၅၉၄မှ SP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် SP မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေစာရင်းမှတ်ချက်ရှိ ၁၉၉၉ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ငွေချေးရန် မြေပုံမူရင်းသည် အထားအသိုမှားယွင်းသဖြင့် ရှာဖွေမရဘဲ ပျောက်ဆုံးခဲ့ပါကြောင်း၊ ဘဏ်ချေးမြေပုံမူရင်းအား မည်သည့်နေရာမှ သုံးစွဲခဲ့ခြင်းမရှိဘဲ ဂရန်မူရင်းမှာလည်း လက်ဝယ်ရှိကြောင်းနှင့် ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား တာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာတင်ပြလာပါသဖြင့် အထက်ဖော်ပြပါ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

### သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာဦးထွန်းအောင်ကျော်

**(စစ်တွေ)**

**ဆေးရုံအုပ်ကြီး(ငြိမ်း) မန္တလေးပြည်သူ့ဆေးရုံကြီး**

**CEO,Chairman JVC7,(Rtd.)**

**ဦးဆောင်နာယက-ရခိုင်ဓမ္မာရုံ**

**အကြံပေး - နာယက ရခိုင်သဟာယအသင်း**

**အသက်(၈၆)နှစ်**

စစ်တွေမြို့၊ ဘောက်သီးစုရပ်နေ (ဦးမောင်ရွှေဖြူ-ဒေါ်စိန်ဦး)တို့၏သား၊ ရန်ကုန်မြို့နေ[ဦးစိုးပိုင် (ညွှန်ချုပ်၊ စာရင်းစစ်ချုပ်ရုံး)-ဒေါ်မြင့်မြင့်သင်]တို့၏ သားသမက်၊ ရန်ကင်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ပြည်သာယာ၊ ဘောက်ထော်နေ ဒေါ်ချိုချိုပိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းကျော်ကျော်(Production Engineer, NESTLE Australia)-Ms Sheilamori(ခေတ္တ-Australia)၊ ဒေါ်မြတ်စန္ဒာ -Mr.Elvis Chong (Councilor, Ministry of Education Singapore)တို့၏ဖခင်၊ Brian Tun, Eric Tun တို့၏ အဘိုးသည် ၁၄-၆-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၃:၃၀နာရီတွင် Shwe Gon Daing Specialist Center (SSC)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၁၅၂၈)နေ ဦးသိန်းဝင်း (ဘ) ဦးအုံး (၁၂/ဥကတ (နိုင်) ၀၂၁၄၉၆) မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခ(၃)လမ်း၊ အမှတ် (၂၃၇)နေ ဦးသန်းထွန်း (ဘ) ဦးမှတ်ကြီး (၁၂/ဒပန(နိုင်)၀၁၇၅၉၅)အား (၆. ၁၁. ၂၀၁၃)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ GP (၂၂၀၉၉/၂၀၁၃)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်း GP အား ဤကြေညာပါသည့်နေ့မှစ၍ ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဝင်း (၁၂/ဥကတ(နိုင်)၀၂၁၄၉၆)**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၇၁၂၄၉ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆောင်းဆောင်း ၆/သရခ(နိုင်)၀၄၁၉၃၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ထားဝယ်)**

---

### တစ်ဦးတည်း ဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ နယ်မြေ (၅)၊ ယုဇနလမ်း၊ အမှတ် စ/၄၀၉ နေ ဒေါ်ခိုင်ခန့်အောင် (အထက်တန်းရှေ့နေ၊ စဉ်- ၄၉၆၄၅) ၏ဖခင် ဦးအောင်သိန်းထူး(ခ) ဦးနီနီလတ် ၁၃/ကလန(နိုင်)၀၆၀၉၄၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဦးထွန်းလှဝင်း(ဘ)ဦးညို ၁၃/ကလန(နိုင်)၀၀၈၉၇၉၊ အမှတ် (၉)ရပ်ကွက်၊ ကလောမြို့မှ ဦးခင်မောင်လေး(ဘ)ဦးမက်သရဖီ ၉/ ပဥလ(နိုင်)၀၄၂၂၉၈ ထံသို့ လွှဲအပ်ထားသည့် ကလောမြို့နယ်၊ မြေစာရင်းဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကိုယ်စားလှယ်လွှဲစာအမှတ်၈၁/၂၀၁၆(၇-၄-၂၀၁၆)အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးထွန်းလှဝင်း**
**၁၃/ကလန(နိုင်)၀၀၈၉၇၉**

---

### မိခင်အမည်မှန်

ဦးဗိုလ်ဝင်း၏ သား မြိတ်မြို့၊ အထက(၇) ဒသမတန်း(အတွဲ-၁)မှ မောင်ဇော်မိုးသူ၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်မိစု ၆/မအရ(နိုင်) ၀၂၉၆၁၄ ဖြစ်ပါကြောင်း။

**ဒေါ်မိစု**

---

### ဖခင်အမည်မှန်

မင်းပြားမြို့နယ်၊ အထကခွဲ (ကျောက်မော်) ဆဋ္ဌမတန်းမှ မပုစုမ ၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ၁၁/မပန(နိုင်) ၁၃၆၅၉၆ ဖြစ်ပါကြောင်း။

---

### အမည်မှန်

ပုဏ္ဏားကျွန်းမြို့၊ အထက(ခွဲ) အလယ်စု Grade-8 မှ မမချမ်းသာ ၏ အမည်မှန်မှာ မရွှေကြည်စိုး ဖြစ်ပါကြောင်း။

**မရွှေကြည်စိုး**

---

### အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲမြို့၊ အောင်ရတနာရပ်ကွက်နေ ဦးဇော်ဝင်းမောင်၏သား မောင်မိုးဆက်ဝေယံဇော်၏ အမည်မှန်မှာ မောင်ဘုန်းမြတ်ပိုင် ဖြစ်ပါကြောင်း။

**မောင်ဘုန်းမြတ်ပိုင်**

---

### ဖခင် အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပုတီးကုန်းမြို့၊ အမက (ပေါက်ရဲကြား) စတုတ္ထတန်းမှ မောင်ဖြိုးသိုက်မောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၇/ သကန(နိုင်) ၁၂၅၉၆၇ ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်သန်း

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ အမှတ်(၁၀)နေ (ဦးကြည်-ဒေါ်ရီ)တို့၏သမီး၊ (ဦးပန်းညွှန့်-ဒေါ်သန်းရွှေ)တို့၏သမီးချွေးမ၊ (ဦးစိုးသိန်း)-ဒေါ်အေးမြင့်၊ (ဦးကြည်စိုး)၊ ဦးကျော်တင့်-ဒေါ်တင်တင်ထွေးတို့၏အစ်မ၊ (ဦးမြရှိန်)၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးမင်းအောင်-ဒေါ်မီမီရှိန်၊ ဦးသုခအောင်(Chief Officer, Uniteam Marine)-ဒေါ်ပွင့်ဖြူရှိန်တို့၏မိခင်၊ တူ၊ တူမ လေးယောက်တို့၏ကြီးကြီး၊ မဟေသာရွှန်းထက်၊ သားသားလေးတို့၏အဘွားသည် ၁၃-၆-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၃:၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၂၁ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိင်္ဂီအောင်

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့နေ [ဗိုလ်မှူးကြီးအောင်ဘွင့်( ကုန်သွယ်ရေး-ငြိမ်း)-ဒေါ်မေသက်တင်] တို့၏သမီး၊ [ ဦးကိုလေး( တိုင်းမင်းကြီး-ငြိမ်း)-ဒေါ်ညွှန့်ညွှန့်] တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ် 19-A(1) ၊ အခန်း (3)နေ ဦးမောင်မောင်စိုး(တိုင်းဥပဒေ အရာရှိ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးသူရိန်အောင်-ဒေါ်အေးအေးစိုးတို့၏ညီမသည် ၁၃-၆-၂၀၂၁ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၁ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ချမ်းမြအေးကြည် (ဦးစီးအရာရှိ)

**အသက် (၃၉)နှစ်**

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ ဒေါ်ချမ်းမြအေးကြည် (ဦးစီးအရာရှိ) သည် ၁၁-၆-၂၀၂၁ရက်(သောကြာနေ့) ည ၇:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1802 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဝင်း ၇/ကဝန(နိုင်) ၀၅၀၄၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပဲခူး)**

---

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ-ရေပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ ကျုံပျော်လမ်း၊ အဆောင်(ဈ)၊ အခန်း အမှတ်(၃၀)ဒေါ်မြတ်မြတ်သင်း- ဒေါ်စီစီချို(၂)ဦး ဆိုင်ခန်းအမည်ပေါက်ကို ဒေါ်မြတ်မြတ်သင်း ၁၂/ကမရ(နိုင်)၀၀၂၉၉၁က ၎င်းတစ်ဦးတည်းအမည်ဖြင့် ဆိုင်ခန်းမှတ်ပုံတင်စာ အုပ်ထုတ်ပေးပါရန် အမည်ပြောင်းလျှောက်ထားရာတွင် တင်ပြရမည့် အထောက်အထားများနှင့်အတူ ဒေါ်စီစီချိုက ၂၁-၈-၂၀၁၄ ရက်တွင် ဆိုင်ခန်းစွန့်လွှတ်ကြောင်း လွှဲပြောင်းပေးထားသည့် ကတိစာချုပ် ပူးတွဲပြီးလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ဤဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အခွန်ဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၅/က)၊ ပေ (၂၀x ၆၀) ပေါ်ရှိ အဆောက်အအုံဆောက်လုပ်ထားသော မြေညီထပ်ခိုးပါ ပေ (၁၉x ၅၄) တိုက်ခန်းနှင့် မြေပိုင်ဆိုင်မှုတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်လေးနွယ်-ဦးမင်းလှိုင်တို့ထံမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချသူ ဒေါ်ခင်လေးနွယ် ၁၂/ ဥကတ(နိုင်)၀၃၀၉၃၇ ထံမှ ဦးဝင်းလွင် ၁၂/ ပဇတ(နိုင်)၀၀၉၄၂၅ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးဝင်းလွင် (ဖုန်း- ၀၉- ၇၆၈၆၀၉၈၄၈)**

---

## ဦးကြူလိုက်

**(မြိတ်မြို့)**

**အသက် (၉၄)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ချမ်းသာလမ်း၊ အမှတ် ၂၁၊ (ဒုတိယထပ်)နေ (ဒေါ်ရှုကြည်)ကျောင်းအုပ်ဆရာမကြီး၊ အမက(မြစ်ငယ်)မြိတ်မြို့၏ ခင်ပွန်း၊ ဒေါ်အေးပို (အထက်တန်းပြ ၊ အထက-၁၊ မြိတ်-ငြိမ်း)၊ (ဦးမြတ်ဇော်)-ဒေါ်ကြူကြူလှိုင်(မြိတ်)၊ ဦးကိုကိုအောင်-ဒေါ်မြင့်မြင့်ကြူ(ခ)ဒေါ်မိုးစန္ဒာတို့၏ချစ်လှစွာသောဖခင်၊ မချောအိသဥ္ဇာ(ဒုတိယနှစ်- သတ္တဗေဒ၊ဒဂုံတက္ကသိုလ်)၊ မနှင်းချယ်ရီအောင်(Grade- 9) အထက (၂) ကမာရွတ်တို့၏ အဘိုးသည် ၁၃-၆-၂၀၂၁ရက်(တနင်္ဂနွေနေ့) ည ၁၁:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ဌေး-ဒေါ်လှလှနွဲ့တို့၏ ချစ်လှစွာသော သမီး ဒေါက်တာလင်းလက်ပိုင်သည် ၁၃-၆-၂၀၂၁ရက် ညတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၄(နိုဝင်ဘာ)သစ်တောတက္ကသိုလ်ကျောင်းသားများ**

---

## ဦးသီဟဇော်

**(A.Pan Ocean Line-LQGISTIC Co.,Ltd)**

**အသက်(၄၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်(၄၁)နေ ဦးမျိုးဝင်း-ဒေါ်ခင်မေသိန်းတို့၏သား၊ ဦးစိုးမြင့်-ဒေါ်အေးကြူတို့၏သားသမက်၊ ဗိုလ်ကြီးသန့်ဇင်ဦး(ငြိမ်း)-ဒေါ်အေးအေးသိမ့်၊ ဦးဇော်လင်းနိုင်-ဒေါ်ဥမ္မာသန့်၊ ဦးသန့်ဇော် ထိုက်-ဒေါ်နှင်းဝတ်ရည်လွင်တို့၏ညီမောင်၊ ကိုစစ်ကိုအောင်၊ ကိုအောင်ဇော်မျိုး-မမိုးမိုးဝေတို့၏အစ်ကို၊ ဒေါ်ခင်ပွင့်ဖြူ (အလယ်တန်းပြ၊ အလက၊ လဟာရက်)၏ ချစ်လှစွာသောခင်ပွန်း၊မောင်ဘုန်းခန့်သီဟ၏ ဖခင်သည် ၁၃-၆-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၆-၂၀၂၁ရက် (စနေနေ့) နံနက်တွင် သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၃/၁၀၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/8866, KYAW KYAR MPU (KK.MPV.01), MICRO BUS (4X4)R ယာဉ်လက်ဝယ်ရှိသူ ဦးတိုးအောင် ၁၂/ဗတထ(နိုင်)၀၀၀၅၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6P/5889, Toyota Ractis ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းနန္ဒာနိုင် ၁၃/တကန(နိုင်)၂၈၁၂၃၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/ ၈၃၉၇၂, Classy ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်ဝင်း ၈/ရနခ(နိုင်)၀၉၉၈၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံးခွဲ(အောင်ပန်း)**

---

### မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၄)၊ ဒုတိယတန်း(ခ) မှ မောင်စိုင်းမင်းထွန်း၏ မိဘအမည်မှာ ဦးအောင်ကိုကို ၁၃/တကန(နိုင်) ၃၇၅၉၆၉ - ဒေါ်ဇာခြည်လင်း ၇/ ရတန(နိုင်)၁၄၉၄၀၇ ဖြစ်ပါကြောင်း။

---

### ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့၊ (ခ)ရပ်ကွက်နေ မောင်ဆန်းကိုကို ၅/ယမပ(နိုင်) ၁၃၇၁၅၂၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၁၃၉၅၇၇၀**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မိတ္ထီလာမြို့၊ ပေါက်ချောင်း(၂)ရပ်၊ နယ်မြေ(၇)၊ (၂)လမ်းနေ ဦးမောင်ဌေး ၉/မထလ(နိုင်) ၂၁၅၄၂၅ နှင့် ဒေါ်မာမာဦး ၉/မထလ(နိုင်) ၀၁၄၀၂၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မိတ္ထီလာမြို့၊ ပေါက်ချောင်း(၂)ရပ်၊ နယ်မြေ(၇)၊ (၂)လမ်းနေ ဦးမောင်ဌေး-ဒေါ်မာမာဦးတို့၏သား မောင်ထွန်းနိုင်ဦး ၉/မထလ(နိုင်) ၂၅၇၀၀၉ သည် မိဘနှစ်ပါး၏ စကားနားမထောင်ဘဲ မိဘနှစ်ပါးကို အကြောင်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ထို့ပြင် မောင်ထွန်းနိုင်ဦး နှင့်ပတ်သက်သည့်ကိစ္စအဝဝအား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမောင်ဌေးနှင့် ဒေါ်မာမာဦးတို့မှ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးနိုင်မင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၂၅၁)**
**ကုက္ကိုစုကျေးရွာ၊ သာစည်မြို့နယ်၊ ဖုန်း-၀၉-၆၉၂၂၁၉၂၄၃**

# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်တို့အား ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ စစ်ဆေးမှု စတင်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၄**

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် စွဲဆိုထားသည့်အမှုများကို စစ်ဆေးစီရင်နိုင်ရန် ဇွန် ၁၄ ရက်တွင် ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ ရုံးထိုင်ဆောင်ရွက်ခဲ့ရာ ဦးဝင်းမြင့်အပေါ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ စွဲဆိုထားသည့်အမှုနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ဆက်သွယ်ရေးဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေများအရ စွဲဆိုထားသည့်အမှုများကို စတင်စစ်ဆေးခဲ့ကြောင်းနှင့် ရုံးထိုင်စစ်ဆေးမှုမပြုမီ ၎င်းတို့၏ရှေ့နေများနှင့် လွတ်လပ်စွာ တွေ့ဆုံခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၁၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင်

*စာမျက်နှာ ၂၃ ကော်လံ ၁* ●



တောင်ငူမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား/ကျောင်းသူများကို တွေ့ရစဉ်။

# မန္တလေး- ပုဂံလမ်းပိုင်းနှင့် သာစည်-မြင်းခြံလမ်းပိုင်း၌ လူစီးရထားများ ပြန်လည်ပြေးဆွဲမည်

**နေပြည်တော် ဇွန် ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွား မိဘပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထားများ ပြန်လည်ပြေးဆွဲပေးလျက်ရှိရာ ယခုထပ်မံ၍ မန္တလေး-ပုဂံလမ်းပိုင်း၌ အမှတ်(၁၁၇)အဆန်၊ အမှတ်(၁၁၈)အစုန် လူစီးရထားနှင့် သာစည်-မြင်းခြံ လမ်းပိုင်းတွင် အမှတ် (၁၁၁) အဆန်၊ အမှတ်(၁၁၂)အစုန် လူစီးရထားများကို ဇွန် ၁၅ ရက်မှစ၍ ပြန်လည် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မန္တလေး- ပုဂံလမ်းပိုင်း၌ အမှတ် (၁၁၇) အဆန် လူစီးရထားသည် ပုဂံဘူတာမှ နံနက် ၇ နာရီခွဲတွင် ထွက်ခွာ၍ မန္တလေးဘူတာသို့ ညနေ ၆ နာရီတွင်လည်းကောင်း၊ အမှတ် (၁၁၈) အစုန်လူစီးရထားသည် မန္တလေးဘူတာမှ နံနက် ၇ နာရီခွဲတွင် ထွက်ခွာ၍ ပုဂံဘူတာသို့ ညနေ ၆ နာရီတွင်လည်းကောင်း အသီးသီး ရောက်ရှိမည်ဖြစ်ကာ အစုန်တစ်ရက်၊ အဆန်တစ်ရက် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ သာစည်-မြင်းခြံလမ်းပိုင်း၌ အမှတ်(၁၁၁)အဆန် ရထားသည် သာစည်ဘူတာမှ နံနက် ၆ နာရီတွင် ထွက်ခွာ၍ မြင်းခြံဘူတာသို့ နံနက် ၁၁ နာရီခွဲ

*စာမျက်နှာ ၂၃ ကော်လံ ၂* ❑

## COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၃ ဦး တွေ့ရှိ

*စာ - ၁၅*

## ရေဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်အတွင်း၌ ဖောက်ခွဲရေးသင်တန်းပြုလုပ်ရန် ပြင်ဆင်နေမှုများကို သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သမားများကို ဖောက်ခွဲရေးပစ္စည်း အများအပြားနှင့်အတူ ဖမ်းဆီးရမိ

*စာ - ၂၃*

## ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ ရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲရာတွင် ပါဝင်သူများအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီ

*စာ - ၂၅*

# ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ယူကရိန်းအသင်းကို အနိုင်ရခဲ့သည့် နယ်သာလန်

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (C) မှ နယ်သာလန်အသင်းနှင့် ယူကရိန်းအသင်းတို့ပွဲစဉ်ကို ဇွန် ၁၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန်သွင်းဂိုးများနှင့်အတူ နယ်သာလန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ရမှတ်သုံးမှတ်တူ**

နယ်သာလန်အသင်းသည် အုပ်စု (C) တွင် ဩစတြီးယားအသင်းနှင့် ရမှတ်သုံးမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေသည်။

နယ်သာလန်အသင်းသည် အဖွင့်ပွဲစဉ်တွင် ရလဒ်ကောင်းပိုင်ဆိုင်နိုင်ရန်အတွက် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် စတီကယ်လင်ဘာ့ဂ်၊ ဘလင်း၊ ဗန်အန်းဟော့သ်၊ တင်ဘာ၊ ဒမ်ဖရိုင်းစ်၊ ဝီလ်ဂျနေဒမ်၊ ဝက်ဟော့စ်၊ ဒီပေးစသည့် ကစားသမားများဖြင့် ယူကရိန်းအသင်းကို ရင်ဆိုင်လာခဲ့သည်။

ယူကရိန်းအသင်းကလည်း နာမည်ကြီးကစားသမားများဖြစ်သည့် ဘတ်စ်ချန်၊ မီလန်နိုဗက်စကီး၊ ဇူကော့ဗ်၊ ဇင်ချန်ကို၊ ယာမိုလန်ကို၊ ယာရမ်ချော့ခ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။

**အကြိတ်အနယ်ရှိခဲ့**

နှစ်သင်းစလုံး အနိုင်ရရှိရန် အကောင်းဆုံးလူစာရင်းဖြင့် ပွဲထွက်လာသည့်အတွက် ပွဲမှာ အကြိတ်အနယ် ရှိခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှု များ ရှိခဲ့သော်လည်း ဂိုးမရှိ သရေဖြင့် အဆုံးသတ်ခဲ့သည်။

*စာမျက်နှာ ၂၆ ကော်လံ ၄* ❖



နယ်သာလန်အသင်းခေါင်းဆောင် ဝီလ်ဂျနေဒမ် ယူကရိန်းအသင်းဘက်သို့ ဂိုးသွင်းယူရန် ကြိုးပမ်းနေမှုကို တွေ့ရစဉ်။